ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday 17 January 2019 ၉၃၃၄

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကယားပြည်နယ်အတွင်းရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**လွိုင်ကော် ဇန်နဝါရီ ၁၆**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ နိုင်သက်လွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ (ပြည်သူ့၊ အမျိုးသား၊ ပြည်နယ်) နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် လမ်းညွှန်အမှာစကား ပြောကြားသည်။

**သန္နိဋ္ဌာန်ချထား**

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက မိမိအနေဖြင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ သွားရောက်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် တိုင်းပြည်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် တိုက်တွန်းနှိုးဆော်လျက်ရှိပါကြောင်း၊ မိမိတို့သည် ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ်ကို ကူးပြောင်းနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ထိုသို့ ကူးပြောင်းရာတွင် ရှေးရိုးစွဲလမ်းဟောင်းများမှ လမ်းသစ်များ ဖောက်ထွက်ရခြင်းများ ရှိပါကြောင်း၊ ယခုအချိန်ကာလတွင် တာဝန်ရှိသူများအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မှသာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

**ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ကယားပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ**

စာမျက်နှာ »»» ၅

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ နာဂဒေသ ဖွံ့ဖြိုးရေးအတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး**

စာမျက်နှာ »»» ၇

**နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ နိုင်ငံခြားသား ခရီးသွားဧည့်သည် ၅၀ နီးပါး လာရောက်လည်ပတ်**

စာမျက်နှာ »»» ၁၅

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia




### ❂ နိုင်ငံတော်သမ္မတမှ

မိမိတို့၏ ရည်ရွယ်ချက်ပန်းတိုင်ကို ရောက်ရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံကို "ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်"အဖြစ် တည်ဆောက်မည်ဟု ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချထားပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် နိုင်ငံသူ နိုင်ငံသားအားလုံး သာတူညီမျှမှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု အခွင့်အရေးများရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများမပါဘဲ ပြည်ထောင်စုဟု ပြော၍ မရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်မည်ဟု ယင်းကို ဒီမိုကရေစီပြောင်းလဲမှုဟု ပြော၍ မရပါကြောင်း၊ အစိုးရအဖွဲ့ ပြောင်းလဲရုံဖြင့် အုပ်ချုပ်မှုယန္တရားတစ်ခုလုံး ပြောင်းလဲသွားခြင်း မဟုတ်ပါကြောင်း၊ အောက်ခြေမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားလုံးက နိုင်ငံတော်၏ ပြောင်းလဲလာသည့် မူဝါဒများကို အကောင်အထည်ဖော်ပြီး လိုက်ပါပြောင်းလဲနိုင်မှသာ အပြောင်းအလဲဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း။

### ဆန်းစစ်ကြရန်လိုအပ်

အပြောင်းအလဲတစ်ခုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာ တာဝန်ရှိသူများ အားလုံးက တက်ညီလက်ညီ အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ ပုံစံကျနေသည့် အလေ့အထများကို ပြုပြင်

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကယားပြည်နယ်အတွင်းရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။**



ပြောခြင်းဖြစ်ပါကြောင်း။

အချို့သည် အပြောင်းအလဲကို တွန့်ဆုတ်နေမှု၊ ဝန်လေးနေမှု၊ စိုးရိမ်ပူပန်မှုများ ရှိနေနိုင်ပါကြောင်း၊ အပြောင်းအလဲကို လောကနိယာမတရားဖြင့် ပြောရမည်ဆိုပါက မပြောင်းလဲသည့် အမှန်ကန်ဆုံးတရားမှာ ပြောင်းလဲခြင်းပင်ဖြစ်ပါကြောင်း၊ သက်ရှိသက်မဲ့အားလုံးသည် အချိန်နှင့်အမျှ ပြောင်းလဲနေပါကြောင်း၊ ယင်းပြောင်းလဲမှုအရှိန်တွင် လိုက်ပါဆောင်ရွက်နိုင်မှသာ ရှင်သန်ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း၊ ပြောင်းလဲရာတွင် တိုင်းသူပြည်သားများအတွက်၊ နိုင်ငံတော်အတွက် အခြေခံအုတ်မြစ်မှာ ဒီမိုကရေစီ အခြေခိုင်ရန်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရတစ်ဖွဲ့လုံး ပြောင်းသွားရုံဖြင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ တစ်ဖွဲ့လုံးပြောင်းလိုက်ရုံဖြင့် ပြောင်းလဲပေးနိုင်မှသာ တိုင်းပြည်နှင့် နိုင်ငံသူနိုင်ငံသားများကလည်း ပြောင်းလဲလာမည်ဖြစ်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် အပြောင်းအလဲတစ်ခု ဖော်ဆောင်ရန်အတွက် မိမိကိုယ်ကို မည်မျှပြောင်းလဲနိုင်ပြီကိုလည်း ဆန်းစစ်ကြရန် လိုအပ်ပါကြောင်း၊ မိမိကိုယ်ကို ပြောင်းလဲနိုင်မှသာ အခြားသူများကို ပြောင်းလဲပေးနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအားလုံးက လက်အောက်ရှိ အမှုထမ်း၊ အရာထမ်းများ၏ စိတ်ဓာတ်များ၊ အလေ့အကျင့်များ ပြောင်းလဲစေရေးဆောင်ရွက်ပေးရန်၊ လမ်းညွှန်ပေးရန်နှင့် ပြုပြင်ပေးရန် လိုအပ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် စိုးရိမ်စရာ၊ ကြောက်ရွံ့စရာ မဟုတ်ပါကြောင်း၊ အားလုံးက တက်ညီလက်ညီဖြင့် မိမိကိုယ်တိုင်၏ အသိတရား၊ ဆင်ခြင်တုံတရားဖြင့် လိုက်ပါဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

> မိမိတို့နိုင်ငံကို "ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်" အဖြစ် တည်ဆောက်မည်ဟု ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချထားပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် နိုင်ငံသူ နိုင်ငံသားအားလုံး သာတူညီမျှမှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု အခွင့်အရေးများရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများမပါဘဲ ပြည်ထောင်စုဟု ပြော၍ မရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်မည်ဟု ပြောခြင်းဖြစ်

မိမိတို့သွားလိုသည့် အုပ်ချုပ်ရေးသည် နိုင်ငံသူ နိုင်ငံသားအားလုံး ဆူကြုံနိမ့်မြင့်မရွေး၊ ဆင်းရဲချမ်းသာ မရွေး၊ ရာထူးဂုဏ်သိမ်မရွေး၊ လူမှုရေး တရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ နိုင်ငံရေး တရားမျှတမှု ရှိရမည်ဖြစ်ပါကြောင်း၊ ထို့အတူ အခွင့်အလမ်းညီမျှမှု၊ အဆင့်အတန်းညီမျှမှု၊ ဥပဒေအရ ညီမျှမှု ရှိရမည်ဖြစ်ပါကြောင်း၊ ဥပဒေ၏အထက်တွင် မည်သူမျှ မရှိရပါကြောင်း၊ အားလုံးသည် ဥပဒေရှေ့မှောက်တွင် ဥပဒေပါအတိုင်း၊ ဥပဒေနှင့်အညီ ဖြစ်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ဒီမိုကရေစီတိုင်းပြည်နှင့် ညီညွတ်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဟု ဆိုရာတွင်လည်း တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီသည် စည်းကမ်းကို လိုက်နာရမည်၊ ဥပဒေကို လိုက်နာရမည်ဖြစ်ပါကြောင်း၊ ယင်းသည် ဒီမိုကရေစီ၏ အခြေခံမဏ္ဍိုင်ပင်ဖြစ်ပါကြောင်း။

### ကျေပွန်စွာထမ်းဆောင်

ယခုအခမ်းအနားသို့ တက်ရောက်လာသူအားလုံးသည် အခြားသူများထက်ပို၍ အလုပ်လုပ်နိုင်ရမည်၊ အနစ်နာခံနိုင်ရမည်၊ စွန့်လွှတ်နိုင်ရမည်ဖြစ်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပြည်သူက ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန်ဖြစ်ပါကြောင်း၊ ပြည်သူကို ကောင်းစွာအလုပ်အကျွေးပြုရန် လိုအပ်ပါကြောင်း၊ မိမိတို့ သွားချင်သည့် အုပ်ချုပ်ရေးသည် တရားမျှတပြီး တရားဥပဒေစိုးမိုးရေးကို အထောက်အပံ့ပြုသည့် အုပ်ချုပ်ရေးဖြစ်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်သည့် အုပ်ချုပ်ရေး မဖြစ်စေရန် လိုအပ်ပါကြောင်း၊ မိမိတို့သွားချင်သည့် ယန္တရားသည် ပြည်သူလူထုကို ဝန်ဆောင်မှုပေးသည့်၊ ပြည်သူကိုဗဟိုပြု၊ ပြည်သူကို မျက်နှာမူသည့် ယန္တရားဖြစ်ရန် ထမ်းဆောင်ကြစေလိုပါကြောင်း။

### အပြန်အလှန်ထိန်းကျောင်း

ဥပဒေပြုရေးမဏ္ဍိုင်သည် ပြဋ္ဌာန်းထားသည့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်စေချင်ပါကြောင်း၊ ထိုသို့ လိုက်နာဆောင်ရွက်မှသာ မိမိတို့၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီး သုံးရပ်သည် ဟန်ချက်ညီမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီကျင့်စဉ်အတိုင်း အပြန်အလှန် သဘောထားကြီးခြင်း၊ သည်းခံခွင့်လွှတ်ခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းတို့ဖြင့် ဆောင်ရွက်မှသာ လုပ်ငန်းများ အဆင်ပြေချောမွေ့မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အတ္တကို ဗဟိုပြုပြီး လုပ်ဆောင်ခြင်းထက် ပရကိုဗဟိုပြုပြီး လုပ်ဆောင်ကြပါက အောင်မြင်မည်ဖြစ်ပါကြောင်း။

ယခုတက်ရောက်လာကြသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် မိမိဌာနနှင့်သက်ဆိုင်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ အထက်အဖွဲ့အစည်းသို့ မှန်မှန်ကန်ကန် သတင်းအချက်အလက်များ ပေးစေလိုပါကြောင်း၊ သို့မှသာ မှန်ကန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

### လေးစားလိုက်နာရန်လိုအပ်

တရားစီရင်ရေးမဏ္ဍိုင်သည် ဒီမိုကရေစီနိုင်ငံတစ်ခုအတွက် အရေးကြီးသည့် မဏ္ဍိုင်တစ်ခုဖြစ်ပါကြောင်း၊ ဥပဒေ၏ စံနှုန်း၊ စံထားများဖြင့် မှန်မှန်ကန်ကန် စိစစ်နိုင်မှသာ တရားဥပဒေစိုးမိုးမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှ ဒီမိုကရေစီနိုင်ငံတော်ကို အထောက်အပံ့ဖြစ်မည် ဖြစ်ပါကြောင်း၊ တရားစီရင်ရေးနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော ဥပဒေများကို လေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်မှ တရားမျှတသည့် လူ့အဖွဲ့အစည်း ဖြစ်လာမည်ဖြစ်ပါကြောင်း၊ တရားမျှတသည့် လူ့အဖွဲ့အစည်းခိုင်မာမှ ဒီမိုကရေစီ ခိုင်မာမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီတည်တံ့ခိုင်မြဲခြင်းသည် ဖက်ဒရယ်စနစ်ကို အထောက်အပံ့ဖြစ်ပါကြောင်း၊ ဖက်ဒရယ်စနစ် တည်ထောင်ခြင်းသည်လည်း ဒီမိုကရေစီကိုအားပေးပါကြောင်း။

မိမိတို့ ကြုံတွေ့နေရသည့် အခက်အခဲများထက် ပြည်သူလူထု နေ့စဉ် ကြုံတွေ့နေရသည့် အခက်အခဲများကို ဦးစားပေး ဖြေရှင်းပေးစေလိုပါကြောင်း၊ ယခုသွားနေသည့် နိုင်ငံတော်၏ မူဝါဒများကို တက်ညီလက်ညီ စုပေါင်းအင်အားဖြင့် အားလုံးက ပူးပေါင်း

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**

❖ စာမျက်နှာ ၃ မှ
ပါဝင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ သို့မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးက လွှတ်တော်ရေးရာလုပ်ငန်း ဆောင်ရွက်မှုများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်လင်းမောင်က တရားလွှတ်တော်ရေးရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**တာဝန်ခံမှုရှိရန် လိုအပ်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က တရားစီရင်ရေးတွင် အမှုများကို မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် စစ်ဆေးဆုံးဖြတ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမှုစစ်ဆေးစဉ်ကာလအတွင်း အမှုသည်တို့၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေး နစ်နာမှုများ မဖြစ်စေရေးအတွက် မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်ရန် လိုအပ်ပါကြောင်း၊ သက်သေခံပစ္စည်းများနှင့် စပ်လျဉ်းပြီး နိုင်ငံတော်ဘဏ္ဍာဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်သွားရန်လိုပါကြောင်း၊ တရားစီရင်ရေးတွင် လွတ်လပ်သော တရားစီရင်ရေးဖြစ်၍ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအပိုင်းမှ ဝင်ရောက်မစွက်ဖက်စေလိုပါကြောင်း၊ အဆင့်ဆင့်သော တရားသူကြီးများက တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် လိုအပ်ပါကြောင်း၊ မူးယစ်ဆေးဝါးကိစ္စများတွင် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ပါဝင်ပတ်သက်မှု မရှိစေရန်၊ မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ဖုံးကွယ်လျစ်လျူရှုမထားစေရန် လိုအပ်ပါကြောင်း၊ မူးယစ်ဆေးဝါး ဖမ်းဆီးရာတွင်လည်း အဓိကပင်ရင်းလုပ်ကိုင်နေသူများကို ဖမ်းဆီးရမိရန် လိုအပ်ပါကြောင်း။

ဥပဒေပြုရေးအပိုင်းတွင် မေးခွန်း၊ အဆိုများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များနှင့်အညီ တင်သွင်းကြရမည်ဖြစ်ပါကြောင်း၊ ဒေသနှင့်ကိုက်ညီပြီး အကျိုးရှိသည့် ဥပဒေများကိုသာ ပြဋ္ဌာန်းရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ အရည်အချင်းမြင့်မားမှ လွှတ်တော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော်ရှိ တောင်ကွဲစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။
ဓာတ်ပုံ- ကိုသာဗျော

မဏ္ဍိုင် ၃ ရပ်သည် တစ်ခုနှင့်တစ်ခု ဝင်ရောက်စွက်ဖက်မှုမရှိဘဲ အပြန်အလှန် ထိန်းကျောင်းယှဉ်တွဲလုပ်ဆောင်ရန် လိုအပ်ပြီး ယှဉ်ပြိုင်လုပ်ဆောင်မှုမျိုး မလုပ်စေလိုပါကြောင်း၊ အစိုးရကောင်းတစ်ရပ်သည် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ကြိုတင်ခန့်မှန်းတွက်ချက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု

**“တရားစီရင်ရေးတွင် အမှုများကို မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် စစ်ဆေးဆုံးဖြတ် ဆောင်ရွက်ရမည်ဖြစ်၊ အမှုစစ်ဆေးစဉ်ကာလအတွင်း အမှုသည်တို့၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေး နစ်နာမှုများ မဖြစ်စေရေးအတွက် မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်ရန်လို၊ သက်သေခံပစ္စည်းများနှင့် စပ်လျဉ်းပြီး နိုင်ငံတော်ဘဏ္ဍာဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်သွားရန်လို ”**

ရှိရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အုပ်ချုပ်မှုယန္တရား တရားမျှတကောင်းမွန်သည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲမှုညံ့ဖျင်းပါက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အဟန့်အတားဖြစ်စေပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားအားလုံးက ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော်ရှိ တောင်ကွဲစေတီတော်မြတ်ကြီးနှင့် မြို့နာမ်စေတီတော်တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကပ်လှူပူဇော်ကာ ဂေါပကများထံ အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကယားပြည်နယ် လွိုင်ကော်မြို့မှ တပ်မတော်အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ နေပြည်တော်သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို တို့အား ဂေါပကအဖွဲ့က တောင်ကွဲစေတီတော်ပန်းချီကားချပ်ကို လက်ဆောင်ပေးအပ်စဉ်။
ဓာတ်ပုံ- ကိုသာဗျော

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်ခဲ့**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်သော ဦးမောင်မောင်ဝင်းနှင့် ဦးဆက်အောင်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ကယားပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ

**လွိုင်ကော် ဇန်နဝါရီ ၁၆**

ကယားပြည်နယ် လွိုင်ကော်မြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ယနေ့မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ဓာတ်ပုံ- ကိုသာဗျော

### မူဝါဒနှင့်အညီဆောင်ရွက်

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးအား ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများအား မိတ်ဆက်ပေးသည်။

ယင်းနောက် ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက ဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈) ဆုံးဖြတ်ချက်အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနလက်အောက်သို့ ပြောင်းရွှေ့ဖွဲ့စည်း တာဝန်ထမ်းဆောင်စေခဲ့ပြီးဖြစ်ပါကြောင်း၊ အဓိကရည်ရွယ်ချက်မှာ ၂၀၁၈ ခုနှစ် ဧပြီလ မြန်မာ့ရိုးရာနှစ်သစ်ကူးမိန့်ခွန်းတွင် နိုင်ငံတော်သမ္မတ ပြောကြားခဲ့သည့်အတိုင်း အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးအတွက် အစိုးရပြုပြင်ပြောင်းလဲရေးနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးတို့ကို ဆောင်ရွက်သွားရန်ဆိုသည့် မူဝါဒနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

### နိုင်ငံရေးစနစ်နှင့်ဆက်စပ်

လက်ရှိနိုင်ငံတော်က လျှောက်လှမ်းနေသည့် နိုင်ငံရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်မည့် အုပ်ချုပ်ရေးယန္တရားဖြစ်ပေါ်လာရေး၊ အုပ်ချုပ်မှုကောင်း (Good Governance)ဖြစ်ပေါ်လာစေရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ အုပ်ချုပ်ရေးယန္တရားသည် ခေတ်အဆက်ဆက် အုပ်ချုပ်သူအမြင်နှင့် အခွင့်အာဏာပိုင်းကရှုမြင်ပြီး ဆောင်ရွက်ခဲ့သည့် ဓလေ့ထုံးစံများရှိခဲ့ပါကြောင်း၊ ယင်းမှာ နိုင်ငံရေးစနစ်နှင့် ဆက်စပ်နေပါကြောင်း၊ ယနေ့ မိမိတို့နိုင်ငံတွင် ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် ပြည်သူ့အစိုးရ ပေါ်ပေါက်လာချိန်တွင် အုပ်ချုပ်ရေးယန္တရားသည် ပြည်သူ၏ဝန်ကို ထမ်းဆောင်ရသည့် ပြည်သူ့ဝန်ထမ်းဟု ရှုမြင်ခံယူပြီး လိုက်ပါပြောင်းလဲ ဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် နိုင်ငံရေးစနစ်အရ ဆက်စပ်ပြောင်းလဲရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုအခြေခံ၍ လိုက်လျောညီထွေဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

ထို့ပြင် နိုင်ငံတော်က ဦးတည်လျှောက်လှမ်းနေသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အဆင်သင့်ဖြစ်နေစေရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ကြိုးပမ်းနေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ဆက်စပ်ပြီး ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါကြောင်း၊ ထိုသို့ နိုင်ငံရေးစနစ်၊ နိုင်ငံတော်၏မူနှင့် မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရင်းမှာပင် ပြုပြင်ပြောင်းလဲမှုများကို တစ်ဆင့်ပြီးတစ်ဆင့် အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

### အုပ်ချုပ်ရေးယန္တရား၏ ကျောရိုးဖြစ်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေဖြင့် ပညာရှင်များ၏ အကြံဉာဏ်များ၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၏ အတွေ့အကြုံများကို အခြေခံပြီး သိသာထင်ရှားသည့် အပြောင်းအလဲများကို အကောင်အထည်ဖော်ရာတွင် အုပ်ချုပ်ရေးယန္တရား၏ ကျောရိုးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ပြုပြင်ပြောင်းလဲမှုများကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ရာတွင် စွမ်းဆောင်ရည်မြှင့်တင်ရန်၊ လုပ်နည်းလုပ်ဟန်များ ပိုမိုထိရောက်ရန်နှင့် လုပ်ငန်းစဉ်များပေါ်မူတည်ပြီး လိုအပ်သည့်ဖွဲ့စည်းမှုများ ဆောင်ရွက်သွားရန်အတွက် မိမိတို့၏ ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ညှိနှိုင်းရေးနှင့် ကြီးကြပ်ထိန်းကျောင်းရေးကို အဓိကထားပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအနေဖြင့် ပြုပြင်ပြောင်းလဲရမည်ကို မကြောက်ကြဘဲ ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျနှင့် တစိုက်မတ်မတ် ဖော်ဆောင်ကြရန် လိုပါကြောင်း။

မိမိအနေဖြင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့် မကြာခဏ တွေ့ဆုံရသည့်အချိန်တွင် မေးကြည့်ပါကြောင်း၊ တစ်ဦးချင်း တစ်ဦးချင်းကလည်း ပွင့်ပွင့်လင်းလင်းနှင့် ပြောကြားကြပါကြောင်း၊ ၎င်းတို့ပြောသည်များကို ချုပ်ကြည့်ပါက "ဘယ်နေရာမှာ ဘာတွေကို၊ ဘယ်လိုပြောင်းလိုက်ရင်ကောင်းသွားမည်"ဆိုသည်ကို သိကြပါကြောင်း၊ လက်တွေ့အလုပ်ခွင်ထဲတွင်ပင် အပြောင်းအလဲများ လုပ်နိုင်မည်ဆိုသည်ကို သိကြပါကြောင်း၊ သို့သော် အသားကျနေသည့်လုပ်ငန်းစဉ်များကို ပြောင်းလဲပစ်ရန် စိုးရိမ်မှုများရှိနေပါကြောင်း၊ ထို့ကြောင့် ပြုပြင်ပြောင်းလဲရမည်ကို မကြောက်ကြပါဘဲ ပြုပြင်ပြောင်းလဲနိုင်ခြင်းကို ဂုဏ်ယူကြစေလိုပါကြောင်း။

### လူထုနှင့်အနီးစပ်ဆုံးလုပ်ကိုင်

လက်ရှိအုပ်ချုပ်ရေးယန္တရားသည် ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကျေးအဆင့်အထိ အပေါ်၊ အောက် တိုက်ရိုက်ဖြစ်လာပြီဖြစ်ပါကြောင်း၊ ယင်းနေရာတွင် လူထုနှင့်အနီးစပ်ဆုံး လုပ်ကိုင်နေကြသည့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအနေဖြင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများကို တိုက်ဖျက်ရာတွင် တက်တက်ကြွကြွပါဝင်ကြရန် အလေးအနက်ထားမှာကြားလိုပါကြောင်း၊ ရပ်ရွာများတွင် နေထိုင်ကြသည့်သူများက မည်သူတွေရောင်းနေသည်ကို သိကြသော်လည်း ဖော်ထုတ်တိုင်ကြားရန် မဝံ့မရဲဖြစ်နေကြခြင်းများ ရှိနေပါကြောင်း၊ ဒီနေရာတွင် အောက်ခြေလူထုနှင့် အနီးကပ်ဆုံးတွင် တာဝန်ထမ်းဆောင်နေကြသည့် မိမိတို့ဝန်ထမ်းများ "ဘာမှ မသိကြခြင်းလား၊ မသိချင်ယောင် ဆောင်နေကြခြင်းလား"။

နောက်တစ်ခုမှာ ကျူးကျော်များကိစ္စဖြစ်ပါကြောင်း၊ မိမိတာဝန်ယူရသည့် နယ်မြေဒေသများတွင် တစ်အိမ်ကျူး၊ နှစ်အိမ်ကျူးနှင့် ဖြစ်လာသည်ကို လျစ်လျူရှုထားကြသည့်အတွက် နောက်ဆုံးတွင် လူများ အုံနှင့်ကျင်းနှင့် နေထိုင်သည့်အခါမှ ရှင်းရလင်းရ လုပ်ကြရသည့်အခါ အစိုးရအတွက်ရော၊ လူထုအတွက်ရော အခက်အခဲများနှင့် ကြုံတွေ့လာကြရပါကြောင်း၊ မြေယာကိစ္စများမှာလည်း အလားတူဖြစ်ပါကြောင်း၊ မိမိတို့ဝန်ထမ်းများ တာဝန်သိပြီး တာဝန်ကျေပွန်ရန် လိုပါကြောင်း၊ ရှေ့ကိုဆက်ပြီး များစွာကြိုးပမ်းကြရဦးမည်ဖြစ်ပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများကို နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် ပတ်သက်ပြီး အလေးအနက်ထားမှာကြားလိုသည့် အဓိက အချက်နှစ်ချက်ရှိပါကြောင်း၊ ပထမအချက်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကြီးကို မိမိတို့ဝန်ကြီးဌာနအောက် ပြောင်းရွှေ့လိုက်သည့်အတွက် ဘာတွေများဖြစ်လာမလဲဆိုသည့် စိုးရိမ်ပူပန်မှုများမရှိကြရန် ပထမဦးစွာ ပြောကြားလိုပါကြောင်း၊ အုပ်ချုပ်ရေးယန္တရား တည်တည်ငြိမ်ငြိမ်နှင့်လည်ပတ်နေပြီး နောက်တစ်ဆင့်အနေဖြင့် အပြောင်းအလဲများ ဖော်ဆောင်နိုင်ရန် အရေးကြီးပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကို ကျေပွန်အောင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်၊ ပြောင်းလဲလာသည့် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ပြုပြင်ပြောင်းလဲမှုများကို တက်တက်ကြွကြွ လိုက်ပါဖော်ဆောင်ပေးကြရန် မှာကြားလိုပါကြောင်း၊ ဝန်ကြီးဌာန ရွှေ့ပြောင်းလိုက်သော်လည်း တည်တည်ငြိမ်ငြိမ် မှန်မှန်ကန်ကန်ဖြင့် လည်ပတ်နေပြီး ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် တွန်းအားပေးဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း။

### တိုက်တွန်းမှာကြား

ဒုတိယအချက်မှာ မိမိတို့၏ ပြုပြင်ပြောင်းလဲမှုသည် လူထုကိုမျက်နှာမူပြီး အပြောင်းအလဲများ သိသိသာသာမြင်တွေ့နိုင်အောင် ကြိုးပမ်းကြရန်ဖြစ်ပါကြောင်း၊ ပြည်သူများမြင်တွေ့လိုသည့် အပြောင်းအလဲများရရှိလာအောင် စိတ်ဓာတ်နှင့် ခံယူချက်များ ပြောင်းရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ လိုအပ်ချက်များကို အစဉ်အမြဲ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အချိန်မရွေး အဆင်သင့်ရှိရမည် ဖြစ်ပါကြောင်း၊ လူထုနှင့်နီးစပ်၊ လူထုနှင့်အတူ ပူးပေါင်းလုပ်ကိုင်ပြီး လူထုကယုံကြည်ရသည့် စီမံခန့်ခွဲမှုစနစ်ဖြင့် အားကိုးရသည့် အုပ်ချုပ်ရေးမှူးကောင်းများဖြစ်လာအောင် မိမိတို့အားလုံး ကြိုးပမ်းကြရန်အတွက် အလေးအနက် တိုက်တွန်းမှာကြားလိုပါကြောင်း။

ယနေ့တွေ့ဆုံမှုကို မိမိအနေဖြင့် အထူးအလေးအနက်ထားပါကြောင်း၊ မိမိတို့ ဝန်ထမ်းများ စိတ်ချမ်းသာ၊ ပျော်ပျော်ရွှင်ရွှင်ဖြင့် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့်ဖော်ဆောင်ပြီး ဝိုင်းဝန်းကြိုးပမ်း အားထုတ်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဆောင်ရွက်ရန်အချက်များကို လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**

> ❛ မိမိတို့၏ ပြုပြင်ပြောင်းလဲမှုသည် လူထုကိုမျက်နှာမူပြီး အပြောင်းအလဲများ သိသိသာသာ မြင်တွေ့နိုင်အောင် ကြိုးပမ်းကြရန်ဖြစ်၊ ပြည်သူများမြင်တွေ့လိုသည့် အပြောင်းအလဲများရရှိလာအောင် စိတ်ဓာတ်နှင့် ခံယူချက်များ ပြောင်းရမည်၊ ပြည်သူလူထု၏ လိုအပ်ချက်များကို အစဉ်အမြဲ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အချိန်မရွေး အဆင်သင့်ရှိရမည်၊ လူထုနှင့်နီးစပ်၊ လူထုနှင့်အတူ ပူးပေါင်းလုပ်ကိုင်ပြီး လူထုကယုံကြည်ရသည့် စီမံခန့်ခွဲမှုစနစ်ဖြင့် အားကိုးရသည့် အုပ်ချုပ်ရေးမှူးကောင်းများ ဖြစ်လာအောင် မိမိတို့အားလုံး ကြိုးပမ်းကြရန်အတွက် အလေးအနက် တိုက်တွန်း ❜

---

**★ MFF မှ**

လူငယ်လက်ရွေးစင်အသင်းနှင့် ဘောလုံးအကယ်ဒမီများ၏ ဆောင်ရွက်မည့်အစီအစဉ်များ၊ နည်းပြအရည်အသွေးပိုင်းဆိုင်ရာ တိုးတက်အောင်ဆောင်ရွက်ရန်၊ လူငယ်စီမံကိန်းများ စနစ်တကျဆောင်ရွက်ရန်၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးအသင်းများအတွက် ဆောင်ရွက်မည့်အစီအစဉ်များအပြင် ကလပ်အသင်းများမှ ဆောင်ရွက်ပေးရမည့် အစီအစဉ်များ၊ လူငယ်အသင်းများ တိုးမြှင့်ဖွဲ့စည်းရန် စျေးကွက်ရှာဖွေရေး၊ ငွေကြေးနှင့် မီဒီယာကဏ္ဍများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ ပါဝင်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် နည်းစနစ်ဒါရိုက်တာ အဲရစ်အာဗရန် အကောင်အထည်ဖော်လိုသည့် စီမံကိန်းများကို အလုံးစုံပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၊ မြန်မာ ယူ-၂၂ အမျိုးသားအသင်း၊ ယူ-၁၈ အမျိုးသားအသင်း၊ ယူ-၁၅ အမျိုးသားအသင်း၊ ယူ-၁၉ အမျိုးသမီးအသင်း၊ ယူ-၁၆ အမျိုးသမီးအသင်းတို့ ဖွဲ့စည်းထားပြီး မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းကိုလည်း နည်းပြချုပ်သစ်ခန့်အပ်ပြီးပါက ဖွဲ့စည်းမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် Sports And Science နည်းပြတစ်ဦး ခန့်အပ်ခဲ့ပြီး စပိန်နိုင်ငံသား ဟွမ်ရိုမန်ကို နှစ်နှစ်စာချုပ်ဖြင့် ဇန်နဝါရီ ၁၆ ရက်က စာချုပ်ချုပ်ဆိုခဲ့ကာ လက်ရွေးစင်အသင်းအားလုံးအတွက် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အဲရစ်အာဗရန်သည် ဘယ်လ်ဂျီယံအသင်း ရွှေရောင်မျိုးဆက်ကို မွေးထုတ်ခဲ့သူဖြစ်ပြီး ဩစတြေးလျဘောလုံးအဖွဲ့ချုပ်တွင် နည်းစနစ်ဒါရိုက်တာအဖြစ် နောက်ဆုံးဆောင်ရွက်ခဲ့သည်။

**သတင်း- ရှိုင်းထက်ဇော်**

**ဓာတ်ပုံ- စိုးညွန့်**

# ပြစ်မှုများကို တရားစွဲဆိုခြင်း

လွင်သွင်ဦး

လူ့အဖွဲ့အစည်းတွင် လူပုဂ္ဂိုလ်ထိခိုက်နစ်နာမှုများ၊ ပစ္စည်းကိုထိခိုက်နစ်နာမှုများစသည်ဖြင့် ထိခိုက်နစ်နာမှုများကိုကုစားရာတွင် ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း အရေးယူဆောင်ရွက်ကြပါသည်။ ပြစ်မှုဆိုသည်မှာ နိုင်ငံတော်က ဥပဒေဖြင့် ပြဋ္ဌာန်းထားသော တားမြစ်ချက်များကို ချိုးဖောက်ခြင်း၊ လိုက်နာဆောင်ရွက်ရန် ပြဋ္ဌာန်းထားသော အချက်များကို လိုက်နာရန်ပျက်ကွက်ခြင်းတို့ကြောင့် သက်ဆိုင်ရာဥပဒေအရ ထိုက်သင့်သော ပြစ်ဒဏ်ချမှတ်သည့် အမှုများဖြစ်ပါသည်။

ပြစ်မှုများသည် သက်ဆိုင်ရာပုဂ္ဂိုလ်ကို ထိခိုက်နစ်နာစေသည်သာမက နိုင်ငံတော်၏ လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုပါ ထိခိုက်နစ်နာစေသဖြင့် နိုင်ငံတော်က တရားလိုပြုလုပ်၍ တရားစွဲဆိုပြီး ဥပဒေအရာရှိများ (အစိုးရရှေ့နေများ)က နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ကြပါသည်။ သို့ရာတွင် နိုင်ငံတော်ကို တိုက်ရိုက်ထိခိုက်ခြင်းမရှိသောပြစ်မှုများ (ဥပမာအားဖြင့်- အသရေဖျက်မှု၊ မယားခိုးမှု)စသော အချို့သောအမှုများတွင်မူ သက်ဆိုင်ရာကာယကံရှင် ကိုယ်တိုင်ကသာ တရားစွဲဆိုနိုင်ပါသည်။ ပြစ်မှုများတွင် ရဲအရေးပိုင်သောပြစ်မှု(တရားရုံး၏ဖမ်းဝရမ်းမပါဘဲ ရဲကဖမ်းဆီးခွင့်ရှိသည့်အမှု)နှင့် ရဲအရေးမပိုင်သောပြစ်မှု (တရားရုံး၏ဖမ်းဝရမ်းပါမှ ရဲကဖမ်းဆီးခွင့်ရှိသည့်အမှု)ဟု ရှိပါသည်။

**ရဲစခန်းတွင်အမှုဖွင့် တိုင်ကြားခြင်း**

ရဲအရေးပိုင်သည့်ပြစ်မှုများကိုတရားစွဲဆိုရန်အတွက် သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းတွင် ပထမသတင်းပေးတိုင်ချက် (First Information Report) ရေးဖွင့်၍ စတင်စွဲဆိုနိုင်ပါသည်။ ရဲအရေးပိုင်သည့်အမှုများကို မည်သူမဆို (မည်သူကတရားစွဲဆိုရမည်ဟု ခြွင်းချက်ပြုထားသည့် အမှုအနည်းငယ်မှတစ်ပါး) အမှုဖွင့်နိုင်ပါသည်။ ဥပမာအားဖြင့် လူတစ်ယောက်သည် တစ်နေရာတွင် သေနေသောသူတစ်ယောက်ကိုတွေ့ရှိပါက သေသူသည် မည်သူဖြစ်သည်၊ မည်သူ၏ပြုလုပ်မှုကြောင့် သို့မဟုတ် မည်သည့်အကြောင်းကြောင့် သေဆုံးသည်ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်တိုင်ကြားနိုင်ပါသည်။

ထိုသို့အမှုဖွင့်တိုင်ကြားသည့်အခါ သက်ဆိုင်ရာရဲစခန်းမှ တာဝန်ရှိသော ရဲတပ်ဖွဲ့ဝင်သည် သတ်မှတ်ထားသော မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းပြီး သတင်းပေးတိုင်ကြားသူက လက်မှတ်ရေးထိုးရပါသည်။ ပထမသတင်းပေးတိုင်ချက်ကိုစာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။ တယ်လီဖုန်းဖြင့်တိုင်ကြားသည့်အခါ တာဝန်ကျ ရဲအရာရှိက သတင်းပေးတိုင်ချက်ကို သတ်မှတ်စာအုပ်တွင် ရေးသွင်းပြီး ၎င်းကိုယ်တိုင် လက်မှတ်ရေးထိုးရပါသည်။ ထိုသို့ သတင်းပေးတိုင်ချက်ရေးပြီးနောက် သက်ဆိုင်ရာရဲစခန်းမှူးသည် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြား ရဲအရာရှိတစ်ဦးဦးကိုဖြစ်စေ တိုင်ကြားချက်ကို စုံစမ်းစစ်ဆေးထောက်လှမ်းမှုပြုရန် တာဝန်ပေးရပါသည်။

စုံစမ်းစစ်ဆေးထောက်လှမ်းမှုပြုရာတွင် အမှုနှင့် သက်ဆိုင်သောသူများကို စစ်ဆေးရပါသည်။ ထိုသို့ စုံစမ်းစစ်ဆေးသည့်အခါ အမှုနှင့်ပတ်သက်၍သိရှိသူက ရဲထံသို့ ထွက်ဆိုချက်ပေးရပါသည်။ ထိုထွက်ဆိုချက်ကို ရဲထံထွက်ဆိုချက် (Statement to the Police Officer)ဟု ခေါ်ဆိုပါသည်။ ရဲထံထွက်ဆိုချက်သည် သာမန်အားဖြင့် သက်သေခံမဝင်ပါ။ ထိုသက်သေသည် တရားရုံးရှေ့တွင် ကျမ်းကျိန်ထွက်ဆိုသည့်အခါ၌ ကွဲလွဲလိမ်လည်ထွက်ဆိုလျှင် မယုံကြည်ထိုက်သော သက်သေဖြစ်ကြောင်း၊ ဆန့်ကျင်ထွက်ဆိုသည့် သက်သေဖြစ်ကြောင်း ပြသရန်အတွက် အသုံးပြုနိုင်ပါသည်။ စုံစမ်းစစ်ဆေးထောက်လှမ်းမှုပြုသည့်အခါ အမှုနှင့်သက်ဆိုင်သော သက်သေခံ ပစ္စည်းများသိမ်းဆည်းခြင်း၊ တရားခံကို စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊ ကွင်းဆက်တရားခံများကို ဖမ်းဆီးခြင်းများ ဆောင်ရွက်ရာတွင် တရားရုံးသို့ တရားစွဲဆိုတင်ပို့သည့်အခါ တရားခံပြစ်မှုကျူးလွန်ကြောင်း ခိုင်လုံစွာ သက်သေပြနိုင်ရန်အတွက် ပြည့်စုံနိုင်သမျှပြည့်စုံအောင် ဆောင်ရွက်ရပါသည်။

အမှုအတွက် စုံစမ်းစစ်ဆေးထောက်လှမ်းမှု ပြုပြီးသည့်အခါ သက်ဆိုင်ရာရဲတပ်ဖွဲ့မှ သက်ဆိုင်ရာဥပဒေရုံးသို့ တရားစွဲမတင်မီ ဥပဒေအကြံဉာဏ်တောင်းခံနိုင်ပါသည်။ သက်ဆိုင်ရာဥပဒေရုံးက စစ်ဆေးပေါ်ပေါက်ချက်များကို လေ့လာသုံးသပ်ပြီးနောက် မည်သည့်ဥပဒေဖြင့် မည်သူ့ကို တရားစွဲဆိုတင်ပို့သင့်ကြောင်း၊ တရားစွဲဆိုတင်ပို့ရန် ခိုင်လုံမှုမရှိပါက ခိုင်လုံမှုမရှိကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များရှိပါက မည်သည့်အချက်များ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရဲတပ်ဖွဲ့သို့ အကြံပြုပြန်ကြားပါသည်။ သက်ဆိုင်ရာရဲတပ်ဖွဲ့က လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ပြီးနောက် သက်ဆိုင်ရာဥပဒေရုံးမှတစ်ဆင့် သက်ဆိုင်ရာတရားရုံးသို့ တရားစွဲဆို တင်ပို့ပါသည်။ တရားရုံးရောက်သည့်အခါ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နှင့် အခြားသက်ဆိုင်သော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ အမှုကို ဆက်လက်စစ်ဆေးရပါသည်။

တရားရုံးတွင် အမှုစစ်ဆေးရာ၌ တရားလိုကဖြစ်စေ၊ တရားခံကဖြစ်စေ ရှေ့နေရှေ့ရပ်များ ငှားရမ်းပြီး အမှုကိုဆောင်ရွက်နိုင်ပါသည်။ တရားလိုဘက်အတွက် သက်ဆိုင်ရာဥပဒေအရာရှိက နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ပေးပါသည်။ တရားလိုကမိမိအတွက် ရှေ့နေငှားရမ်းလိုပါကလည်း ဥပဒေအရာရှိ၏ ကြီးကြပ်မှုဖြင့် ထိုရှေ့နေက တရားလိုအတွက် လိုက်ပါဆောင်ရွက်နိုင်ပါသည်။ တရားခံအနေဖြင့်လည်း ရှေ့နေငှားရမ်း၍ အမှုကို ခုခံဆောင်ရွက်ခွင့်ရှိပါသည်။ သေဒဏ်ထိုက်သင့်သောပြစ်မှုဖြင့် စွဲဆိုခံရသူဖြစ်ပြီး တရားခံသည် မိမိကိုယ်တိုင် ရှေ့နေငှားရမ်းနိုင်ခြင်းမရှိသည့် ဆင်းရဲနွမ်းပါးသော တရားခံဖြစ်ပါက နိုင်ငံတော်အစိုးရက ရှေ့နေငှားရမ်းပေးပါသည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်ကစ၍ မြန်မာနိုင်ငံတွင် စေတနာ့ဝန်ထမ်းအကူအညီပေးသော ရှေ့နေအသင်းများ စတင်ပေါ်ပေါက်ခဲ့ပါသည်။ Legal Aid ဆိုင်ရာပညာပေးမှုများ၊ သင်တန်းများပြုလုပ်ခဲ့ကြပါသည်။

၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀) ဖြင့် "ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ"ကို ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေအရ "ဥပဒေဆိုင်ရာအထောက်အကူ" ဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများအား ဤဥပဒေနှင့်အညီ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာအသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းတို့ကို ဆိုလိုပါသည်။

ထို့အပြင် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော တရားခံနှင့်ပတ်သက်၍ အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေလျှောက်ထားမှုများတွင် လိုအပ်သောဥပဒေဆိုင်ရာအထောက်အကူပေးခြင်း၊ အချုပ်စခန်း၊ အကျဉ်းထောင် သို့မဟုတ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် သက်မွေးပညာသင်စခန်းများသို့ အပို့ခံရသူများ ရထိုက်သည့် သက်သာခွင့်အရပ်ရပ်အတွက် ဥပဒေဆိုင်ရာအထောက်အကူပေးခြင်းတို့ ဖြစ်ပါသည်။

**တရားရုံးသို့ ဦးတိုက်လျှောက်ထားစွဲဆိုခြင်း**

ရဲအရေးမပိုင်သော ပြစ်မှုများကို တရားရုံးသို့တိုက်ရိုက်လျှောက်ထား (ဦးတိုက်လျှောက်ထား) တရားစွဲဆိုနိုင်ပါသည်။ ထို့အပြင် ရဲအရေးပိုင်သော အမှုများတွင်လည်း ရဲစခန်းသို့ တိုင်ကြားခြင်းမရှိဘဲ တရားရုံးသို့ တိုက်ရိုက်လျှောက်ထား စွဲဆိုနိုင်ပါသည်။ ထိုသို့ တရားလိုက တိုက်ရိုက်လျှောက်ထားစွဲဆိုသည့်အခါ တရားရုံးသည် ထိုတရားလိုအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ စစ်ဆေးရပါသည်။ ထိုသို့စစ်ဆေးပြီးနောက် အရေးယူရန် အကြောင်းပေါ်ပေါက်ပါက သက်ဆိုင်ရာတရားခံအား တရားရုံးရှေ့သို့ လာရောက်စေရန် သမ္မန်စာဖြစ်စေ၊ ဝရမ်းစာထုတ်ရမည့်အမှုများ၌ ဖမ်းဝရမ်းထုတ်၍ဖြစ်စေ ဆင့်ဆိုရပါသည်။ တရားလိုကိုစစ်ဆေးပြီးနောက် တရားခံအားအရေးယူရန်သင့်၊ မသင့် စုံစမ်းရန် လိုအပ်သည့်အခါ တရားရုံးသည် သက်ဆိုင်ရာရဲစခန်းသို့ ထိုအမှုအား စုံစမ်းစစ်ဆေးမှု (Inquiry) ပြုလုပ်ပေးရန်ပေးပို့နိုင်ပါသည်။ သက်ဆိုင်ရာရဲစခန်းက စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် မိမိစုံစမ်းစစ်ဆေးတွေ့ရှိချက်ကို တရားရုံးသို့ ပြန်လည်တင်ပြ အစီရင်ခံရပါသည်။

တရားရုံးသည် ဦးတိုက်လျှောက်ထားသူ၏ ထွက်ဆိုချက်နှင့် ရဲအစီရင်ခံစာတို့အရ တရားခံအား အရေးယူရန် အကြောင်းပေါ်ပေါက်လျှင် တရားရုံးရှေ့သို့ လာရောက်ရန် ဆင့်ဆိုနိုင်ပါသည်။ စစ်ဆေးပေါ်ပေါက်ချက်များအရ တရားခံကို အရေးယူရန် အကြောင်းပေါ်ပေါက်ခြင်းမရှိလျှင် တရားခံအား တရားရုံးသို့ လာရောက်ရန် ဆင့်ဆိုခြင်းမပြုဘဲ အမှုကို ပလပ်နိုင်ပါသည်။ ရဲအရေးမပိုင်သော အမှုများတွင် တရားလိုသည် မိမိအမှုအတွက် လိုက်ပါဆောင်ရွက်ရန် ရှေ့နေငှားလိုပါက ငှားရမ်းနိုင်ပါသည်။ ရဲအရေးမပိုင်သော အမှုများကို ဥပဒေအရာရှိများက လိုက်ပါဆောင်ရွက်ပေးခြင်းမပြုပါ။

**တရားသူကြီးက အရေးယူခြင်း**

အချို့သောအမှုများသည် ရဲစခန်းသို့ သတင်းပေးတိုင်ကြားခြင်း၊ တရားရုံးသို့ တိုက်ရိုက်စွဲဆိုခြင်းပြုရန်မလိုဘဲ သက်ဆိုင်ရာတရားသူကြီးက အမှုဖွင့်အရေးယူရသည့် ကိစ္စများရှိပါသည်။ ထိုသို့ အရေးယူခြင်းကို တရားသူကြီးကိုယ်တိုင်သိရှိသဖြင့် အမှုဖွင့်အရေးယူခြင်းဟု ဆိုပါသည်။ ဥပမာအားဖြင့် သက်သေတစ်ယောက်သည် တရားရုံးရှေ့တွင် မမှန်သက်သေခံသည့်အခါတွင် သက်ဆိုင်ရာတရားသူကြီးကိုယ်တိုင်က အခြားတရားရုံးတွင် အမှုဖွင့်အရေးယူရပါသည်။ အခြားသူတစ်ဦးတစ်ယောက်က အမှုဖွင့်အရေးယူ၍မရပါ။ ဥပဒေတွင် ထိုသို့သတ်မှတ်ထားသောအမှုများကို တရားသူကြီးကိုယ်တိုင် အရေးယူဆောင်ရွက်ရပါသည်။

ပြစ်မှုများကို ယေဘုယျအားဖြင့် မည်သူမဆိုတရားလိုပြုလုပ် တရားစွဲဆိုနိုင်ပါသည်။ သို့ရာတွင် ဥပဒေတွင် မည်သူကတရားစွဲဆိုရမည်ဟု သတ်မှတ်ထားသည့် ကိစ္စရပ်များတွင် ထိုသူကိုယ်တိုင်ကသာ တရားစွဲဆိုနိုင်ပါသည်။ အခြားသူတစ်ဦးတစ်ယောက်က တရားစွဲဆိုခွင့်မရှိပါ။ ဥပမာအားဖြင့် မယားခိုးမှု၊ အသရေဖျက်မှုစသည်တို့တွင် လင်ယောက်ျားကိုယ်တိုင်၊ အသရေဖျက်ခံရသူကိုယ်တိုင်က တရားစွဲဆိုမှသာ အရေးယူခွင့်ရှိပါသည်။ ထို့အပြင် အာဏာဖီဆန်မှု (ပြည်သူ့ဝန်ထမ်းက နည်းလမ်းတကျထုတ်ပြန်သော အမိန့်ကို မလိုက်နာမှု)ဟု အများသိကြသောပြစ်မှုများ စသည့်အမှုများတွင် ထိုအမိန့်ကို ထုတ်သော အာဏာပိုင်ကိုယ်တိုင် သို့မဟုတ် ၎င်း၏အထက်အရာရှိက တရားစွဲဆိုမှသာ အရေးယူခွင့်ရှိပါသည်။

**တရားစွဲဆိုခွင့်ပြုမိန့်**

အချို့သောပြစ်မှုများတွင် မတော်မတရားစွဲဆိုခြင်းမှ ကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာအာဏာပိုင်ပုဂ္ဂိုလ်၏ တရားစွဲဆိုခွင့်ပြုမိန့် (Sanction) ရရှိမှသာ တရားစွဲဆိုခွင့်ရှိသည့် အမှုများလည်း ရှိပါသည်။ ဥပမာအားဖြင့် ပြည်သူ့ဝန်ထမ်းများသည် မိမိတို့၏ လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သော ကိစ္စရပ်များကို သဘောရိုးဖြင့် ဆောင်ရွက်ရာ၌ မတော်မတရား တရားစွဲဆိုခြင်းခံရမည်ဆိုပါက မိမိတို့တာဝန်ကို လွတ်လပ်စွာထမ်းဆောင်နိုင်ခြင်းမရှိဘဲ အဟန့်အတားများ ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ပြည်သူ့ဝန်ထမ်းက မိမိရာထူးအလျောက် တာဝန်ထမ်းဆောင်စဉ် ပြုလုပ်သော သို့မဟုတ် ပြုလုပ်သူဟုသဘောသက်ရောက်သော ပြစ်မှုတစ်စုံတစ်ရာနှင့် စွပ်စွဲခြင်းခံရသောအခါ သက်ဆိုင်ရာအာဏာပိုင်ပုဂ္ဂိုလ်၏ ကြိုတင်ထုတ်ပေးသော တရားစွဲဆိုခွင့်ပြုမိန့်မရဘဲ မည်သည့်တရားရုံးကမျှ အရေးယူခြင်းမပြုရဟု ပြဋ္ဌာန်းချက်များရှိပါသည်။

ထို့အပြင် အချို့သောပြစ်မှုများသည် ပြစ်ဒဏ်ကြီးလေးခြင်းနှင့် ပြစ်မှု၏သဘာဝအရ သက်ဆိုင်ရာအာဏာပိုင်ပုဂ္ဂိုလ်၏ တရားစွဲဆိုခွင့်ပြုမိန့် ရရှိမှသာ တရားစွဲနိုင်သည့် ပြစ်မှုများရှိပါသည်။ ဥပမာအားဖြင့် ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေအရ တရားစွဲဆိုသည့်အခါတွင် တရားစွဲဆိုခွင့်ပြုမိန့်ရရှိမှသာ တရားစွဲဆိုနိုင်ပါသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ တရားစွဲဆိုရာတွင်လည်း တရားစွဲဆိုခွင့်ပြုမိန့်ရရှိမှသာ တရားစွဲဆိုနိုင်ပါသည်။ ထို့အပြင် အချို့သော ဥပဒေများတွင်လည်း တရားစွဲဆိုခွင့်ပြုမိန့်ရရှိမှသာ တရားစွဲဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားချက်များ ရှိပါသည်။

> "တရားမကြောင်းအရ စွဲဆိုရာတွင် ပြစ်ဒဏ်မပေးနိုင်ပါ။ နစ်နာသူအား လျော်ကြေးပေးစေခြင်း၊ နစ်နာကြေးပေးစေခြင်း၊ ပဋိညာဉ်အတိုင်း လိုက်နာဆောင်ရွက်စေခြင်း၊ ငွေကြေး ပြန်လည်ပေးအပ်စေခြင်း၊ ပစ္စည်းကို ပြန်လည်ပေးအပ်စေခြင်း စသည့် တရားလို၏နစ်နာချက်ကို ကုစားဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်"

**ပြစ်မှုကြောင်းဖြင့်သာ စွဲဆိုနိုင်သည့် အမှုများ**

အချို့သောအမှုများတွင် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်အရ ပြစ်မှု(ရာဇဝတ်မှု)ဖြင့်သာ တရားစွဲဆိုနိုင်ပါသည်။ ဥပမာအားဖြင့် နိုင်ငံတော်ပုန်ကန်မှုကျူးလွန်သူကို ပြစ်မှုဖြင့်သာ တရားစွဲပါသည်။ ခိုးမှု၊ ဓားပြမှုစသည့် ပြစ်မှုများတွင်လည်း ပြစ်မှုဖြင့်သာ စွဲဆိုနိုင်ပါသည်။ ပြစ်မှုကြောင်းအရ စွဲဆိုရာတွင် တရားခံသည် ပြစ်မှုထင်ရှားပါက ဥပဒေအရသတ်မှတ်ထားသည့် ပြစ်ဒဏ် (သေဒဏ်၊ ထောင်ဒဏ်၊ ငွေဒဏ်) စသည့် ပြစ်ဒဏ်များကျခံရပါမည်။

**တရားမကြောင်းအရသာ စွဲဆိုနိုင်သည့်အမှုများ**

အချို့အမှုများတွင် ပြစ်မှုကြောင်းအရ တရားမစွဲနိုင်ဘဲ တရားမကြောင်းသက်သက်ဖြင့်သာ တရားစွဲဆိုနိုင်သည့် အမှုများလည်းရှိပါသည်။ ဥပမာအားဖြင့် အမွေခွဲဝေပေးစေလိုမှု၊ လင်မယားကွာလိုမှု၊ လင်မယားပြန်လည်ပေါင်းသင်းစေလိုမှုစသည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အမှုများဖြစ်ပါသည်။

တရားမကြောင်းအရစွဲဆိုရာတွင် ပြစ်ဒဏ်မပေးနိုင်ပါ။ နစ်နာသူအား လျော်ကြေးပေးစေခြင်း၊ နစ်နာကြေးပေးစေခြင်း၊ ပဋိညာဉ်အတိုင်း လိုက်နာဆောင်ရွက်စေခြင်း၊ ငွေကြေးပြန်လည်ပေးအပ်စေခြင်း၊ ပစ္စည်းကိုပြန်လည်ပေးအပ်စေခြင်းစသည့် တရားလို၏နစ်နာချက်ကို ကုစားဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။

**ပြစ်မှုနှင့် တရားမမှု နှစ်မျိုးလုံးစွဲဆိုနိုင်သည့် အမှုများ**

သို့ရာတွင် အချို့သောအမှုများတွင် ပြစ်မှုဖြင့် တရားစွဲဆိုနိုင်သည့်အပြင် တရားမမှုဖြင့်လည်း တရားစွဲဆိုနိုင်သည့်အမှုများလည်း ရှိပါသည်။ ဥပမာအားဖြင့် ပစ္စည်း၊ ငွေကြေးလိမ်လည်ခံရသဖြင့် ပြစ်မှုကြောင်းအရ တရားစွဲဆိုနိုင်သည့်အပြင် ထိုပစ္စည်း၊ ငွေကြေးစသည်တို့ကို ပြန်လည်ရလိုမှုဖြင့် တရားမကြောင်းအရလည်း တရားစွဲဆိုနိုင်ပါသည်။

အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာတွေ့ရတတ်သည်ဆိုသည့် ဆိုရိုးစကားရှိပါသည်။ လူ့အဖွဲ့အစည်းတွင် မိမိကရန်မလိုသော်လည်း၊ မဖြစ်လိုသော်လည်း မလွဲမရှောင်သာ ကြုံတွေ့ရသည့် ပြဿနာများရှိတတ်ပါသည်။ ကြီးသည့်အမှုငယ်စေ၊ ငယ်သည့်အမှုပပျောက်စေဆိုသည့် စကားကိုလက်ခံကျင့်သုံးသည့်တိုင် တရားစွဲဆိုရမည့် အခြေအနေများ ပေါ်ပေါက်တတ်ပါသည်။ သို့ဖြစ်ပါ၍ တရားရုံးများနှင့် နီးစပ်မှုမရှိသော ပြည်သူများအနေဖြင့် တရားရုံးတွင် တရားစွဲဆိုသည့်ကိစ္စများအား ယေဘုယျအားဖြင့် သိရှိနားလည် ဗဟုသုတရစေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားတင်ပြအပ်ပါသည်။ ။



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတိုရှိကိုအာဘေးအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ဖြစ်ပွားခဲ့သည့် အရေးကိစ္စများနှင့် လက်ရှိဖြစ်ပွားလျက်ရှိသည့် ပြဿနာများအား အစိုးရနှင့် တပ်မတော်က ဖြေရှင်းဆောင်ရွက်နေမှုအခြေအနေများ၊ ငြိမ်းချမ်းရေးအတွက် လမ်းဖွင့်ပေးထားသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဂျပန်နိုင်ငံက ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း အကူအညီပေးမှုများ ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားများကိုပါ သာတူညီမျှရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

✪ **ကျောဖုံးမှ**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(က)အဆင့် ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲအဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အချိန်ပိုသွင်းဂိုးဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြုအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ပြေးခုန်ပစ်(ကျား/မ)ပြိုင်ပွဲ၊ မသန်စွမ်းအားကစားပြိုင်ပွဲ၊ ခြင်းလုံးပြိုင်ပွဲ၊ ဘော်လီဘော(ကျား/မ)ပြိုင်ပွဲ၊ ဂျူဒို(ကျား/မ)ပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲ၊ အလေးမနှင့် ကာယဗလပြိုင်ပွဲ၊ ဝူရှူးပြိုင်ပွဲ၊ ကရာတေးဒိုပြိုင်ပွဲ၊ မြန်မာ့သိုင်းပြိုင်ပွဲနှင့် တိုက်ကွမ်ဒိုပြိုင်ပွဲ စသည့် အားကစားပြိုင်ပွဲ ၁၄ မျိုးအား ၂၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ နာဂဒေသဖွံ့ဖြိုးရေးအတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**ဟုမ္မလင်း ဇန်နဝါရီ ၁၆**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ နာဂမျိုးနွယ်စု တိုင်းရင်းသားခေါင်းဆောင်များ၊ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှု(ဗဟို)မှ တာဝန်ရှိသူများနှင့် ယနေ့နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့ တောင်ဇလပ်ရိပ်သာ၌တွေ့ဆုံကာ နာဂဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးသည်။**(ယာပုံ)**



**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်သန်းထွဋ်၊ ဦးကြည်မင်း၊ ဦးကျော်လင်း၊ ဦးလှမော်ဦး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် တာဝန်ရှိသူများ၊ နာဂမျိုးနွယ်စု တိုင်းရင်းသားခေါင်းဆောင်များနှင့် နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှု(ဗဟို)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိုင်ငံတော်မှ နာဂဒေသ ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများကို ပြောကြားသည်။



ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က နာဂဒေသအား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် ဖိတ်ခေါ်နေမှုအခြေအနေများနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် နာဂမျိုးနွယ်စု တိုင်းရင်းသားခေါင်းဆောင်များက ဒေသတွင်ကြုံတွေ့နေရသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်မီး အခက်အခဲများကို တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြလာသည့်အခက်အခဲများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် တာဝန်ရှိသူများ၊ နာဂမျိုးနွယ်စု တိုင်းရင်းသားခေါင်းဆောင်များနှင့် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု(ဗဟို)ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။**(ဓါတ်ပုံ)**

> "နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် နာဂမျိုးနွယ်စု တိုင်းရင်းသား ခေါင်းဆောင်များက ဒေသတွင်ကြုံတွေ့နေရသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်မီး အခက်အခဲများကို တင်ပြ"

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လေရှီးမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဟုမ္မလင်းလေဆိပ်သို့ သွားရောက်၍ ယင်းမှတစ်ဆင့် မြန်မာအမျိုးသား လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၆**

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတိုရှိကိုအာဘေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏နိုင်ငံရေးနှင့် စီးပွားရေးဖြစ်ပေါ်တိုးတက်မှုများ၊ နှစ်နိုင်ငံ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichiro Maruyama လည်း တက်ရောက်သည်။

**သတင်းစဉ်**

# မြစ်ကြီးနားလေဆိပ် အဆောက်အအုံရှေ့၌ ၆ ဒသမ ၃၇ တန်ရှိ မြန်မာ့ကျောက်စိမ်းရတနာစိုက်ထူထားရှိ



**မြစ်ကြီးနား ဇန်နဝါရီ ၁၆**

တန်ချိန် ၆ ဒသမ ၃၇ တန်၊ အမြင့် ရှစ်ပေနှင့် အကျယ် လေးပေရှိ မြန်မာ့ကျောက်စိမ်းရတနာကို မြစ်ကြီးနားလေဆိပ် အဆောက်အအုံရှေ့၌ စိုက်ထူဖွင့်လှစ်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလေဆိပ်၌ ကျင်းပခဲ့သည်။

**စိုက်ထူထားရှိ**

အဆိုပါကျောက်စိမ်းရတနာကို (၇၁) နှစ်မြောက် ကချင်ပြည်နယ်နေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် စိုက်ထူထားရှိခြင်းဖြစ်ကြောင်း သိရပြီး ကျောက်စိမ်းအမျိုးအစားမှာ ငုပ်ကျောက်အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့နိုင်ငံမှာ ကျွန်တော်တို့ ပြည်နယ်ဟာ ကျောက်စိမ်းထွက်ပါတယ်။ ကျောက်စိမ်းထွက်ရာ ပင်ရင်းဒေသဖြစ်ပါတယ်။ ဒါကို ကမ္ဘာက မြင်စေသိစေချင်ပါတယ်။ ကျောက်စိမ်းနဲ့ပတ်သက်ရင် ကျောက်စိမ်း ဘယ်ကထွက်၊ တရုတ်ပြည်ကထွက်၊ တရုတ်ပြည် ဘယ်ကထွက်၊ ထိန်ချျိုးမြို့က ထွက်ဆိုပြီး ပြောကြတာရှိပါတယ်။ တကယ်တော့ တရုတ်နိုင်ငံ ထိန်ချျိုးမြို့က ကျောက်စိမ်းမထွက်ပါဘူး။ ကျွန်တော်တို့နိုင်ငံက ကျောက်စိမ်းတွေကို နည်းမျိုးစုံနဲ့ သယ်ယူပြီးတော့ ထုထွင်းအလှဆင်ပြီး ကမ္ဘာကို ဖြန့်တဲ့ မြို့ကြီး ဖြစ်ပါတယ်။ သူတို့ဆီကနေ ဖြန့်နေတဲ့အတွက် ကမ္ဘာက သူတို့ဆီက ထွက်တယ်လို့ ထင်ကြပါတယ်။ ပြီးတော့ ကျွန်တော်တို့ နိုင်ငံက ကျောက်စိမ်းထွက်ပေမယ့် မမြင်ဖူး၊ မလေ့လာဖူးတဲ့ သူတွေ ရှိတယ်။ ကိုယ့်နိုင်ငံက ကိုယ်ပိုင်တဲ့ ရတနာကို အများပြည်သူကို သိစေချင်တယ်၊ လေ့လာစေချင်ပါတယ်။ ကျောက်စိမ်းဆိုတာ မြန်မာ့ရတနာဖြစ်တယ်ဆိုတာ သိစေချင်ပါတယ်။ ဒါကြောင့် ကိုယ့်တွင်းကထွက်တဲ့ ကျောက်စိမ်းကို လှူဒါန်းတာဖြစ်ပါတယ်" ဟု ကျောက်စိမ်းအလှူရှင် ဒေါက်တာဘန်လွန်ဒူဝါဘွမ်ယန်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

**လေ့လာသိရှိနိုင်**

ပြည်နယ်အထိမ်းအမှတ်ကျောက်စိမ်းကို ပြည်သူများ လေ့လာသိရှိနိုင်ရန် အများပြည်သူ ဝင်၊ ထွက်သွားလာရာ လေဆိပ်တွင် စိုက်ထူထားရှိသည့်အတွက် ပြည်တွင်းခရီးသွားများအပြင် ပြည်ပခရီးသွားများလည်း မြန်မာ့ကျောက်စိမ်းရတနာကို လေ့လာသိရှိနိုင်ကြမည်ဖြစ်ပါကြောင်း၊ ထိုသို့လေ့လာသိရှိခဲ့သည့်အတွက် ကျောက်စိမ်းနှင့်အတူ မိမိတို့၏ ပြည်နယ်ကိုလည်း တွဲဖက်အမှတ်ရနေကြမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့ ပြည်နယ်၏ အထိမ်းအမှတ်ကျောက်စိမ်းကို ပြည်သူများ တန်ဖိုးထားသိရှိနိုင်ရန်နှင့် လေ့လာနိုင်ရန် ရည်ရွယ်၍ ပြည်နယ်အတွင်းရှိ အခြားနေရာများတွင် ထပ်မံစိုက်ထူသွားမည့် အစီအစဉ်လည်းရှိကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မြန်မာ့ကျောက်စိမ်းရတနာစိုက်ထူပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ပြည်နယ်အထိမ်းအမှတ်ကျောက်စိမ်းကို ပြည်သူများ လေ့လာနိုင်ရန် ထပ်မံစိုက်ထူထားရှိသွားမည်ဖြစ်ကြောင်း သိရှိရပြီး ဖားကန့်မြို့အဝင်တွင်လည်းကောင်း၊ မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုပြည်ထောင်စုလမ်းနှင့် ဆမားလမ်းထောင့်တွင်လည်းကောင်း ထပ်မံထားရှိရန် လျာထားစီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်ဘတ်စ်ကားခပေးရာတွင် ကတ်စနစ်ဖြင့် ပေးချေနိုင်တော့မည်

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်မြို့ပြ ခရီးသွားပြည်သူများအနေဖြင့် ဘတ်စ်ကားစီးခများပေးဆောင်ရာတွင် ငွေသားကျပ်ငွေကို ပုံးထဲသို့ ထည့်ရသည့်စနစ်မှ ကတ်စနစ်အသုံးပြုပေးချေမှုစနစ် တစ်ရပ် မကြာမီ စတင်နိုင်တော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

**ပြောကြား**

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA နှစ်နှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားကို ယနေ့နံနက်ပိုင်းက စကိုင်းစတားဟိုတယ်၌ ကျင်းပစဉ် ဝန်ကြီးချုပ်ကအထက်ပါအတိုင်း ထည့်သွင်းပြောကြားခြင်း ဖြစ်သည်။

"မကြာခင်မှာ Payment စနစ်တစ်ခုကို ငွေသားပိုက်ဆံကိုပုံးထဲထည့်တဲ့စနစ်ကနေ ကတ်စနစ်နဲ့ပြောင်းလဲဖို့ ကျွန်တော်တို့ပြင်ဆင်နေပါတယ်။ ဒီကဏ္ဍနဲ့ပတ်သက်ရင် မေးခွန်းထုတ်နေတာတွေရှိပါတယ်။ အခု ဘတ်စ်ကားတွေမှာ သုံးနေတဲ့ OK Dollor တို့၊ anypay တို့လည်း ရှိပါတယ်။ ကျွန်တော်တို့ပြောင်းလဲမယ့်ကတ် အဆင့်ဟာ ဒီအဆင့်မဟုတ်ပါဘူး။ တကယ့်ကို ပွင့်လင်းမြင်သာမှုရှိပြီး ရေရှည်မှာ ကတ်တိုင်း ကတ်တိုင်း ဘယ်ဘတ်စ်ကားကိုမဆို စီးနိုင်တဲ့ အဆင့်အထိ အချိန်မီသုံးစွဲသွားနိုင်ဖို့ ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ်က ပြောသည်။

လာမည့် ကိုးလတာကာလအတွင်း အဆိုပါ ကတ်စနစ်ပြုပြင်ပြောင်းလဲရေးကို အဆင့်လိုက်ပြောင်းလဲဆောင်ရွက်သွားရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ YPS (Yangon Payment Service) ကတ်စနစ်ကို Asia Starmar Transport ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။




ဘတ်စ်ကားခ ကတ်စနစ်ဖြင့် ပေးချေနိုင်ရေး သရုပ်ပြရှင်းလင်းစဉ်။

**စတင်အသုံးပြု**

"ကျွန်မတို့ ကုမ္ပဏီအနေနဲ့ ပထမသုံးလမှာတော့ ဒီစနစ်ကိုအကောင်အထည်ဖော်ဖို့ လိုအပ်တဲ့ပစ္စည်းတင်သွင်းတာတွေလုပ်ပါ့မယ်။ နောက် သုံးလကနေ ငါးလအတွင်းမှာ စက်တွေတပ်ဆင်ခြင်းကိုဆောင်ရွက်ပါမယ်။ နောက်ဆုံးသုံးလမှာတော့ ဘတ်စ်ကားစီးရေ ၁၀၀၀ ကနေ ၂၀၀၀ အထိ ကတ်စနစ် စတင်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ကိုးလအတွင်းမှာ ဘတ်စ်ကားစီးရေ ၄၀၀၀ ကို ကတ်စနစ်အသုံးပြုနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု Asia Starmar Transport ကုမ္ပဏီမှ Chief Marketing Officer ဒေါ်ရီရီခင်က အဆိုပါအခမ်းအနားတွင် ပြောသည်။

**ပုံသေနှုန်းဖြင့်သာ ပေးဆောင်ရမည်**

အဆိုပါ ကတ်အကောင်အထည်ဖော်ဆောင်ရွက်သည့် ကိုးလတာကာလအတွင်း ဘတ်စ်ကားခများကို ပုံသေနှုန်းဖြင့်သာ ပေးဆောင်ရမည်ဖြစ်ပြီး နောက်ပိုင်းတွင် ခရီးအကွာအဝေးအပေါ်မူတည်၍ ကတ်စနစ်မှ ဖြတ်တောက်ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ယင်းကတ်ကို ငွေဖြည့်တင်းနိုင်မည့် Top Up Agency ပေါင်း ၃၈၀ ကိုလည်း ရန်ကုန်မြို့နေရာအနှံ့ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ကတ်ပျောက်ပြန်လျှောက်နိုင်သော ဝန်ဆောင်မှုစင်တာကြီး ငါးခုကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ YRTA မှတာဝန်ရှိသူများ၊ ရန်ကုန်မြို့ပေါ်တွင် ပြေးဆွဲနေသော ဘတ်စ်ကားယာဉ်လိုင်းကုမ္ပဏီ ၁၈ ခုမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ၂၀၁၈ ခုနှစ်အတွက် အကောင်းဆုံးYBS ဆုများကို ဝန်ကြီးချုပ်က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်စိုး၊ ဓာတ်ပုံ-ခင်မောင်ဝင်း (ကြေးမုံ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတိုရှိုကိုအာဘေးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မေခလာခန်းမ၌ တွေ့ဆုံကြသည်။**(ယာပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဆောင်ရွက်နေမှုများအပေါ် ထောက်ခံကူညီပေးနေမှုများ၊ ဂျပန်အစိုးရ၏ ရန်ပုံငွေအထောက်အပံ့ဖြင့် ရခိုင်ပြည်နယ်အတွင်း ကုလသမဂ္ဂအဖွဲ့အစည်းခြောက်ဖွဲ့၏ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်နေမှုများ၊ နေရပ်စွန့်ခွာသူများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်နေမှုများ၊ ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် နှစ်နိုင်ငံသဘောတူညီမှုအရ ပြန်လည်လက်ခံရေးဆောင်ရွက်မည့် အစီအစဉ်များ၊ ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများသို့ ပြန်လည်လက်ခံရေးနှင့် ပတ်သက်သည့် Fact-Sheet သတင်းလွှာဖြန့်ဝေရန် ဆောင်ရွက်နေမှုများ၊ ဂျပန်နိုင်ငံမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မသန်စွမ်းသူများအပါအဝင် လူမှုဝန်ထမ်းလုပ်ငန်းများဆောင်ရွက်နေမှု၊ နှစ်ကာလကြာရှည်စွာတည်ရှိလာသည့် ရခိုင်အရေးကိစ္စ ဆောင်ရွက်ရာတွင် အခက်အခဲများစွာရှိသော်လည်း အစိုးရအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် မိတ်ဆွေနိုင်ငံများ၏ ပူးပေါင်းကူညီမှုဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **သတင်းစဉ်**



## ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများအတွက် စာမူပေးပို့ရက် တိုးမြှင့်သတ်မှတ်

**ရန်ကုန် ဇန်နဝါရီ ၁၆**

၂၀၁၈ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများအတွက် စာမူပေးပို့ရန် နောက်ဆုံးတင်သွင်းရမည့်ရက်ကို မူလက ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်ကို သတ်မှတ်ထားသော်လည်း ယခုအခါ ပြိုင်ပွဲဝင်စာမူတင်သွင်းရန် နောက်ဆုံးရက်ကို ၂၀၁၉ ခုနှစ် မတ် ၈ ရက်အထိ တိုးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။

ပခုက္ကူစာပေဆုတွင် သတ်မှတ်ထားသည့် ဘာသာရပ် ငါးမျိုးအတိုင်း ပြိုင်ပွဲဝင်စာမူများကို ဖော်ပြထားသော စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

ပြိုင်ပွဲဝင်စာမူပုံစံများကို စာတည်းမှူးချုပ် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း စာပဗိမာန်တွင် ရယူနိုင်ပြီး နယ်မှပုံစံမှာယူလိုသူများသည် ငွေကျပ် ၁၀၀၀ ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများကို မှာယူနိုင်ကြောင်း သိရသည်။

ပခုက္ကူစာပေဆုများကို ယှဉ်ပြိုင်လိုသူများ စိတ်ဝင်တစားဖြင့် မေးမြန်းမှုများရှိနေရာ ပြိုင်ပွဲဝင်လိုသော စာပေဝါသနာရှင်များ၏ ဆန္ဒကိုဖြည့်ဆည်းပေးသည့်အနေဖြင့် ယခုကဲ့သို့ ပြိုင်ပွဲဝင်ရက် တိုးမြှင့်သတ်မှတ်ပေးရခြင်းဖြစ်ကြောင်း ပခုက္ကူစာပေဆုရွေးချယ်ရေးအဖွဲ့ထံမှ သိရသည်။ **သတင်းစဉ်**

# ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်)အား ကြည့်ရှုလေ့လာ



**ရန်ကုန် ဇန်နဝါရီ ၁၆**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတိုရှိုကိုအာဘေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်)သို့ ရောက်ရှိပြီး YUFL IR Office ရုံးခန်း၌ ပါမောက္ခချုပ် ဒေါက်တာကြည်ရှင်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာဆရာမများအား တွေ့ဆုံသည်။

ထို့နောက် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတိုရှိုကိုအာဘေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားဘာသာတက္ကသိုလ် (ရန်ကုန်)တိုးချဲ့ဆောင်တွင် ဂျပန်ဘာသာ သင်ကြားနေသော စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံတကာမှ မြန်မာဘာသာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၆ နာရီ ၅၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro Maruyama တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

## မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပမည့် ၂၀၁၉ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (၂၂)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများ၌ ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ် ၅ ခု ရွေးချယ်မည်ဖြစ်၍ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

(၁) တစ်ဦးလျှင် ဆောင်ပုဒ် ၂ ခုပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(၂) ဆောင်ပုဒ် ၁ ခုချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။
(၃) မြန်မာဘာသာအတွက် Font size - 13, Myanmar-3 ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size -12, Myanmar -3 ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။
(၄) ပြိုင်ပွဲဝင် ဆောင်ပုဒ်များအား ၁၅-၂-၂၀၁၉ ရက်နေ့ အရောက် ပေးပို့ ယှဉ်ပြိုင်ရမည်။
(၅) ဆောင်ပုဒ်ယှဉ်ပြိုင်သူများသည် Fax 0673 - 401716နှင့် Email-ccdacpm@gmail.com သို့ ပေးပို့ရမည်။
(၆) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ နေရပ်လိပ်စာပြည့်စုံစွာ ပါရှိရမည်။

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် အဆင့်ဆင့်ရွေးကောက်ပွဲ အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်

**ရန်ကုန် ဇန်နဝါရီ ၁၆**

၂၀၁၄ ခုနှစ်တွင် ကျင်းပသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် အဆင့်ဆင့် ရွေးကောက် တင်မြှောက်ပွဲတွင် အိမ်ထောင်စုတစ်စုလျှင် မဲဆန္ဒရှင်တစ်ဦးသာ ဆန္ဒမဲပေးခွင့်ရသော်လည်း မတ် ၃၁ ရက်တွင် ကျင်းပမည့် စည်ပင်သာယာရွေးကောက်ပွဲတွင် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကဲ့သို့ အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်ကြောင်း သိရသည်။

"အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း မဲပေးလို့ရအောင် စီမံဆောင်ရွက်ထားတဲ့အတွက် မဲစာရင်းမှာလည်း အရေအတွက် များလာသလို မဲရုံအရေအတွက်လည်း ပိုများလာမှာ ဖြစ်ပါတယ်။ မဲပေးခွင့်ရှိတဲ့သူဟာ သက်ဆိုင်ရာဒေသမှာ တစ်နှစ် စဉ်ဆက်မပြတ်နေတဲ့လူဖြစ်ရပါမယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်



ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ခိုင်က ပြောသည်။

အဆိုပါ ကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်အား မဲဆန္ဒနယ်ခြောက်ခု သတ်မှတ်ထားပြီး ယင်းမဲဆန္ဒနယ်ခြောက်ခုမှ ကော်မတီဝင်ခြောက်ဦး၊ မြို့နယ်စည်ပင်သာယာ ဥက္ကဋ္ဌတစ်ဦးနှင့် အဖွဲ့ဝင်နှစ်ဦး စုစုပေါင်း ၁၀၅ ဦး ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရွေးချယ်ခံရသည့် ကော်မတီဝင်ခြောက်ဦးထဲမှ ဒုတိယမြို့တော်ဝန်တစ်ဦးကို လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ခံကော်မတီဝင်စာရင်းကို ဧပြီလတွင် ထုတ်ပြန်ကြေညာရန် ခန့်မှန်းထားကြောင်း၊ ရွေးချယ်ခံရသည့် ကော်မတီဝင်၏ သက်တမ်းမှာ နှစ်နှစ်ဖြစ်ကြောင်း သိရသည်။

ယင်းရွေးကောက်ပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ခိုင်နှင့်အဖွဲ့ဝင်များက တက်ရောက်လာသည့် သတင်းမီဒီယာများ၏ သိလိုသည်များကို ဖြေကြားခဲ့ကြောင်း သိရသည်။

"ဒီနေ့ သတင်းစာရှင်းလင်းပွဲက ပြည်သူတွေအတွက် သိသင့်တဲ့အရာတွေချည်းပဲ။ တချို့ကျတော့ ငါတို့နဲ့မဆိုင်ဘူးဆိုပြီး မပေးတာတွေရှိတယ်။ ပြည်သူတွေ စိတ်ဝင်စားလာအောင် လုပ်ဆောင်ဖို့တာဝန်ရှိတယ်။ ကိုယ်စားလှယ်လောင်းတွေမှာလည်း တာဝန်ရှိတယ်။ မဲဆွယ်စည်းရုံးကာလမှာ ပြည်သူတွေစိတ်ဝင်စားလာအောင် မဲဆွယ်စည်းရုံးရမယ်"ဟု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ခိုင်က ပြောသည်။

သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသော ကိုယ်စားလှယ်လောင်းများအနေဖြင့် ၎င်းတို့နေထိုင်ရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲရုံးများတွင် ဇန်နဝါရီ ၁၈ ရက်မှ ၂၈ ရက်အထိ အဆိုပြုလွှာများ တင်သွင်းနိုင်ကြောင်း၊ ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာကာ မဲဆွယ်စည်းရုံးရေးကာလကို ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ မတ် ၂၈ ရက်အထိ တစ်လသတ်မှတ်ထားကြောင်း သိရသည်။

**ဇာနည်မောင်၊ အေးမင်းသူ**

### ❒ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ

ကချင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကြရာ ကချင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁၇ ရက်တွင် ပြိုင်ပွဲများနားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၈ ရက် ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း(၁) ၌ ရှမ်းပြည်နယ်အသင်းနှင့် နေပြည်တော်အသင်း၊ ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း(၃)၌ တနင်္သာရီ တိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**အား/ကာ**

မြန်မာ့အလင်း

# အလုပ်သမားတွေအားလုံးအတွက် ရပိုင်ခွင့်တွေ ပိုရလာအောင် ဘယ်လိုပြင်ပေးရမလဲဆိုတာကို ဆွေးနွေးညှိနှိုင်းပြီး ဘာတွေပြင်ဆင်မလဲ၊ ဖြည့်စွက်မလဲဆိုတာ လုပ်ထားတယ်

လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေး

## လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဆိုင်ရာ စကားဝိုင်း

**လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် စကားဝိုင်းဆွေးနွေးပွဲ တတိယပိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ စကားဝိုင်းဆွေးနွေးပွဲတွင် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေး၊ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနု၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ အလုပ်သမားကိုယ်စားလှယ် ဒေါ်ဖြိုးစန္ဒာစိုးနှင့် ILO မှ အရာရှိ ဒေါက်တာသိန်းသန်းဌေးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။**

**ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

**အစီအစဉ်မှူး။** ။လူမှုဖူလုံရေးအဖွဲ့မှာ ပြုပြင်ပြောင်းလဲမှုတွေလုပ်နေတယ်လို့ သိရပါတယ်။ ပြုပြင်ပြောင်းလဲမှုလုပ်ရခြင်းရဲ့ ရည်ရွယ်ချက်နဲ့ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေတဲ့ အနေအထားကို ပြောကြားပေးစေလိုပါတယ်။

**ညွှန်ကြားရေးမှူးချုပ်။** ။ကျွန်တော်တို့ လူမှုဖူလုံရေးအဖွဲ့က စီမံကိန်းကို အကောင်အထည်ဖော်ဖို့အတွက် အစောပိုင်းဆွေးနွေးခဲ့သလိုပဲ စိန်ခေါ်မှုတွေ ရှိပါတယ်။ စိန်ခေါ်မှုတွေကို ဆောင်ရွက်ဖို့၊ ကျွန်တော်တို့ သွားချင်တဲ့ မျှော်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ဖို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို လုပ်မှရမယ်ဆိုပြီး ပြုပြင်ပြောင်းလဲခြင်း လေးမျိုးကို ဆောင်ရွက်ပါတယ်။

### ပင်မလုပ်ငန်းစဉ်

ပထမဆုံးကတော့ IT Reform ဖြစ်ပါတယ်။ လူမှုဖူလုံရေးစနစ်ကြီးကို ရေးဆွဲပြီးတော့ သတင်းအချက်အလက်စနစ်နဲ့သွားမှာဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲမှုလေးမျိုးစလုံးကို ILO က Technical Support လုပ်ပေးထားပါတယ်။ IT Reform ကို ILO ကိုရီးယားရဲ့ စီမံကိန်းနဲ့ သွားတာဖြစ်ပါတယ်။ နောက်တစ်ခုက Medical Reform ဖြစ်ပါတယ်။ လူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းတွေမှာ အလုပ်ရှင်တွေ၊ အလုပ်သမားတွေပြောသလို အခုထက်ပိုမိုမြင့်မားတဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေရအောင် Medical Reform ကို ကျွန်တော်တို့ လုပ်နေတယ်။ ILO လူဇင်ဘတ်ရဲ့စီမံကိန်းနဲ့ သွားနေတယ်။ နောက်တစ်ခုကတော့ Administrative Reform ဖြစ်ပါတယ်။ လူမှုဖူလုံရေးက ပင်မလုပ်ငန်းစဉ် ငါးရပ်ရှိတယ်။ အဲဒီမှာ ထည့်ဝင်ကြေးပေးတာတွေ၊ အကျိုးခံစားခွင့်တောင်းတာတွေ၊ ဆေးဖိုးတွေ ပြန်တောင်းတာတွေရှိတယ်။ အဲဒီမှာ လုပ်ငန်းစဉ်တွေများတယ်။ ပုံစံတွေများတယ်။ ဒါကို လျှော့ဖို့လိုအပ်တယ်။ လျှော့ချမယ်ဆိုရင် ဘယ်လိုလုပ်မလဲ။

ကျွန်တော်တို့ဆွေးနွေးတဲ့အခါ ILO၊ ကျွမ်းကျင်ပညာရှင်တွေနဲ့ ဆွေးနွေးမှုပေါင်းများစွာ လုပ်ရတယ်။ ဒေသမှာအသုံးပြုနေတဲ့ အလုပ်ရှင်အဖွဲ့အစည်းရော၊ အလုပ်သမားအဖွဲ့အစည်းရော ဘာတွေကြန့်ကြာနေသလဲဆိုတာ အကောင်းဆုံးသုတေသနတွေ လုပ်ပြီးမှ အစီရင်ခံစာတစ်စောင် ထုတ်ချင်တယ်။ ထုတ်ပြီးတော့မှ မြို့နယ်မှာရှိတဲ့ ရုံးခွဲတွေမှာ Pilot လုပ်ချင်တယ်။ ဒါကိုလည်း ပြုပြင်ပြောင်းလဲရေးတစ်ခုအနေနဲ့ သွားနေတယ်။ နောက်ဆုံးပြုပြင်ပြောင်းလဲတဲ့ Reform ကတော့ Legal Reform ဖြစ်ပါတယ်။ အာမခံစနစ်ခြောက်မျိုးမှာ သုံးမျိုးပဲ အကောင်အထည်ဖော်နိုင်သေးတယ်။ ကျန်သုံးမျိုးကို ဘယ်လိုအကောင်အထည်ဖော်မလဲ။ မိသားစုထောက်ပံ့မှု အာမခံစနစ်က ရွှေ့ဆိုင်းထားတာရှိတယ်။ အဲဒါကို ဘယ်လိုသွားမလဲ။ အဲဒီအစား ဘာတွေပြန်လုပ်ပေးမလဲ။ ထပ်နေတာတွေ၊ တကယ်ပြင်သင့်တာတွေ ပြင်ဖို့ရှိတယ်။ သေသေချာချာလည်း လေ့လာနေပါတယ်။ ဒါက Legal Reform ထဲမှာ အကျုံးဝင်ပါတယ်။



### ပြုပြင်ပြောင်းလဲရေး

အခုလို ပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်ရတာကတော့ နိုင်ငံတော်သမ္မတရဲ့ နှစ်သစ်ကူး အမှာစကားမှာလည်း ပါဝင်ပါတယ်။ လူမှုဖူလုံရေးရန်ပုံငွေတွေကို အလုပ်သမားတွေ ထိထိရောက်ရောက် အသုံးပြုဖို့ စီစဉ်ဆောင်ရွက်ပေးရမယ်ဆိုပြီး မှာကြားထားတာရှိပါတယ်။ ဒါကို လမ်းညွှန်ချက်အဖြစ် ခံယူပြီးတော့ ဒီပြုပြင်ပြောင်းလဲရေးတွေကို ဆောင်ရွက်တာဖြစ်ပါတယ်။ လူမှုဖူလုံရေးဟာ ဒီအတိုင်းသွားနေလို့ မရပါဘူး။ အဲဒါကြောင့် စနစ်ခိုင်မာမှသာ အဆင်ပြေမှာပါ။ စနစ်ကိုတည်ဆောက်ပြီး လက်ရှိကျင့်သုံးနေတဲ့ အာမခံအလုပ်ဌာနတွေ အလုပ်သမားတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကိုလုပ်တာ အခုတောင်မှ ခက်ခဲနေပါသေးတယ်။ အဲဒါတွေကို ဖြေရှင်းနိုင်ဖို့က Reform လို့ခေါ်တဲ့ ပြုပြင်ပြောင်းလဲရေးကို မလုပ်ရင် မရပါဘူး။

အဲဒီတော့ Coverage Extension လုပ်ဖို့ အများဆွေးနွေးထားတာရှိပါတယ်။ လူမှုဖူလုံရေးဥပဒေအရ လုပ်ငန်းဌာနတွေ သတ်မှတ်ထားတာရှိပါတယ်။ လုပ်ငန်းဌာန ၁၅ မျိုး သတ်မှတ်ထားတယ်။ ငါးဦးနှင့်အထက် သတ်မှတ်ထားတာရှိတယ်။ အဲဒီအချက်တွေက ဥပဒေနဲ့အညီ ပြောင်းလဲရမှာဖြစ်ပါတယ်။ အကျိုးခံစားခွင့်တောင်းတာတွေ ကြာတယ်။ ဘယ်အဆင့်တွေမှာ များနေသလဲ၊ ဘာကြောင့် ကြန့်ကြာရသလဲ၊ ရှုပ်ထွေးမှုက ဘာလဲဆိုတာတွေကို လေ့လာမယ်။ ထိုက်သင့်တဲ့ ပြောင်းလဲမှုအတွက် ဆွေးနွေးကြမယ်။ နိုင်ငံတကာကျင့်သုံးမှုနဲ့လည်း ညီအောင် လူမှုဖူလုံရေးကိုလည်း တကယ့်ကို ယုံကြည်အားကိုးလာအောင် လုပ်နေပါတယ်။

### နည်းပညာကဏ္ဍ

အဓိကအရာတွေမှာ သတင်းအချက်အလက်နဲ့ နည်းပညာကဏ္ဍလည်း ပါဝင်ပါတယ်။ သတင်းအချက်အလက်ကို သတိမထားရင် Extension လည်း လုပ်လို့မရပါဘူး။ အကျိုးခံစားခွင့်တွေကလည်း နှေးနေမှာပဲ။ အလုပ်သမားတွေကလည်း ကျွန်တော်တို့အပေါ်မှာ ယုံကြည်မှုနည်းနေဦးမှာဖြစ်ပါတယ်။ ဒါကြောင့် ရည်ရွယ်ချက်လေးတွေကိုဦးတည်ပြီး ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေပါတယ်။

အသေးစိတ်ပြောရရင်တော့ IT Reform ကို သုံးနှစ်စီမံကိန်းဆောင်ရွက်နေပါတယ်။ ဒီလိုလုပ်နိုင်ဖို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကနေစပြီး ILO ကျွမ်းကျင်ပညာရှင်တွေနဲ့ လူမှုဖူလုံရေးလုပ်ငန်းစဉ်တွေကို လေ့လာပါတယ်။ ရုံးချုပ်၊ ရုံးခွဲ၊ ဆေးရုံ၊ ဆေးခန်းတွေ အားလုံးလေ့လာပြီးမှ သူတို့ရဲ့ ဖြစ်စဉ်တွေ၊ အများစုလုပ်ဆောင်နေတာတွေ၊ အကျိုးခံစားခွင့်ပေးအပ်တာတွေကို အလုပ်ရှင်၊ အလုပ်သမားက အစ လေ့လာပြီးတော့မှ TORs ကို ရေးရပါတယ်။ တစ်နှစ်လောက်ပြီးမှ TORs ထွက်လာတယ်။ တစ်နှစ်လောက် အချိန်ပေးရပါတယ်။ အခုမှ ထွက်လာတာကို ဌာနတွင်းမှာ ဆွေးနွေးတယ်။ ပြည်တွင်းမှာရှိတဲ့ ကျွမ်းကျင်ပညာရှင်တွေကို ပြသတယ်။ ဆွေးနွေးတယ်။ လိုအပ်တာတွေ ပြင်ဆင်တယ်။ ဖြည့်စွက်တယ်။ ပြီးတဲ့အခါ ပြည်ထောင်စုဝန်ကြီးကို တင်ပြတယ်။ အဲဒီကနေ အစိုးရအဖွဲ့စီးပွားရေးရာကော်မတီကို တင်ပြတယ်။ စီးပွားရေးရာကော်မတီရဲ့ ခွင့်ပြုချက်ကိုရယူပြီးမှ IT Reform အတွက် တင်ဒါခေါ်ဖို့ဖြစ်လာတယ်။

### ဆေးရုံတွေနဲ့ ချိတ်ဆက်

တင်ဒါခေါ်ယူတဲ့အခါမှာလည်း နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားတာနဲ့အညီ တင်ဒါရဲ့ဖြစ်စဉ်ကို မှန်အောင်လုပ်တယ်။ ပွင့်လင်းမြင်သာအောင်လုပ်ခဲ့တယ်။ ဘာမှ အနှောင့်အယှက် အခက်အခဲမရှိအောင် စီစဉ်ထားတယ်။ နည်းပညာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ခွဲခြားပြောရရင် ပထမနှစ်မှာ Data Center တွေ တည်ဆောက်မယ်။ Cabling သွယ်တန်းချိတ်ဆက်တာနဲ့ အခြေခံလိုအပ်တဲ့အဆောက်အအုံတွေ တည်ဆောက်ပါမယ်။ Process တွေလည်း ဆက်သွားမယ်။ ဒုတိယနှစ်မှာ ထည့်ဝင်ကြေးကိစ္စတွေနဲ့ အကျိုးခံစားခွင့်တွေ ပိုမြန်အောင် E-Banking တို့၊ E-Money တို့ လုပ်သွားဖို့ရှိတယ်။ တတိယနှစ်မှာ Hospital Management နဲ့ ပတ်သက်တဲ့ ဆော့ဖ်ဝဲလ်တွေ ရေးသားမယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ ဆေးရုံတွေနဲ့ ချိတ်ဆက်သွားဖို့ အစီအစဉ်ရှိတယ်။ လက်ရှိမှာတော့ တင်ဒါကသွားနေတယ်။ ဘယ်လောက်ပြီးသလဲဆိုရင် တင်ဒါက Short List မူရင်းလျှောက်လွှာ တင်ဒါဝယ်တာက ၈၅ ကုမ္ပဏီရှိတယ်။ Proposal ပြန်တင်တာ ၁၄ ခုရှိတယ်။ စိစစ်လိုက်တဲ့အခါ လေးခုကျန်တယ်။ ထုတ်ပြီးတော့ Presentation လုပ်ပြီးပြီ။ နောက်ပိုင်းမှာ ကော်မာရှယ်တင်ဒါကို အနိုင်ရတဲ့ ကုမ္ပဏီနဲ့ စာချုပ်ချုပ်ပြီး ၂၀၁၉ ခုနှစ်လောက်မှာ စတင်နိုင်ပါလိမ့်မယ်။ ဒီပြုပြင်ပြောင်းလဲရေးက ကျွန်တော်တို့အတွက် အရေးပါတဲ့ ပြုပြင်ပြောင်းလဲရေးဖြစ်ပါတယ်။

နောက်တစ်ခုဖြစ်တဲ့ Medical Reform ကတော့ ဦးစားပေးသုံးဆင့်နဲ့ လုပ်ဆောင်တယ်။ ပြင်ပလူနာဝန်ဆောင်မှုဆိုရင် ကျွန်တော်တို့ရဲ့ ဆေးရုံ၊ ဆေးခန်းတွေအပြင် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေနဲ့ စာချုပ်ချုပ်ပြီးတော့ ဝယ်မယ့်စနစ်ကို သွားနေတယ်။ ဒါက နိုင်ငံတကာကျင့်သုံးမှုနဲ့လည်း ကိုက်ညီအောင် ILO ကနေ အကြံပြုထားတာ ရှိတယ်။ PPS နဲ့သွားမှ အဆင်ပြေမှာဖြစ်တဲ့အတွက် ဝန်ဆောင်မှုအသုံးပြုသူနဲ့ ဝန်ဆောင်မှုဝယ်တဲ့သူ ခွဲခြားတဲ့စနစ်ကို သွားတယ်။ Payment က Capitation Payment ဖြစ်ပါတယ်။ Pilot ဆေးခန်းတွေကို မြိတ်၊ မြစ်ကြီးနားနဲ့ တောင်ကြီးမှာ ဖွင့်ထားပါတယ်။

### ငွေပေးချေတဲ့စနစ်

အဲဒီဆေးခန်းတွေအပြင် လှိုင်သာယာတို့၊ ရွှေပြည်သာတို့၊ မင်္ဂလာဒုံတို့မှာ Care Well Medical Product နဲ့ စမ်းသပ်နေတယ်။ ဥပမာပြောရရင် စမ်းသပ်ဖို့အတွက် အလုပ်သမားတစ်ယောက်လာခဲ့ရင် ဘယ်လောက်ပေးမလဲဆိုတာပါ။ ဒီနည်းလမ်းနဲ့ ငွေပေးချေတဲ့စနစ် စမ်းသပ်ထားတဲ့ ဆေးခန်း လေးခုရှိတယ်။ စမ်းသပ်ပြီးတဲ့အခါ လူမှုဖူလုံရေးနဲ့ ဘယ်ဟာက ပိုပြီးသင့်တော်မလဲဆိုတာ ILO က အဖြေထုတ်ပါလိမ့်မယ်။ ဒါကိုကြည့်ပြီး ရှေ့ဆက်သွားရမှာပါ။

ဒုတိယဦးစားပေးက အတွင်းလူနာကို ဘယ်လိုဝန်ဆောင်မှုပေးမလဲဆိုတာ ဖြစ်ပါတယ်။ လက်ရှိတော့ လူမှုဖူလုံရေးဆေးရုံမှာ မနိုင်ရင် ပြည်သူ့ဆေးရုံကို ပို့ပါတယ်။ အဲဒီအတွက် လူနာက မကျေနပ်တာလည်း ရှိတယ်။ ကျေနပ်တာလည်း ရှိတယ်။ ဒါကို ပိုကောင်းဖို့ အတွက် ပြင်ပပုဂ္ဂလိကဆေးခန်းတွေနဲ့ စာချုပ်ချုပ်ပြီး ဒီဝန်ဆောင်မှုကို ဝယ်ယူမယ်။ ဒါမှ အလုပ်သမားတွေက စောင့်ရတဲ့အချိန်တွေအတွက် ကျေနပ်မှုတွေရလာမှာ ဖြစ်ပါတယ်။ နောက်ဆုံးတစ်ခုက လူမှုဖူလုံရေးမှာရှိတဲ့ ဆေးရုံ၊ ဆေးခန်းတွေကို အရည်အသွေးမြှင့်တင်မယ်။ PPB ဒီဇိုင်းနဲ့ လုပ်မယ်။ ကျန်တဲ့ ဆေးရုံ၊ ဆေးခန်းတွေဆိုရင် Internal Market Model နဲ့ လူမှုဖူလုံရေးအစီအစဉ်ဆက်သွားမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၁ သို့ ❍



## သတင်းပဒေသာ သိမှတ်ဖွယ်ရာ

### ကမ္ဘာ့အကြီးဆုံး စာအုပ်ဈေးရောင်းပွဲတော် ကျင်းပမည်

စာအုပ်ပေါင်း တစ်သန်းကျော်ရောင်းချမည့် ကမ္ဘာ့အကြီးဆုံးစာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီတွင် Myanmar Event Park ၌ ကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ ၂၈ ရက်အထိ ရောင်းချပေးမည်ဖြစ်ကြောင်း၊ အင်္ဂလိပ်စာအုပ်များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

### ဆန်စပါးပို့ကုန်မြှင့်တင်ရေး ဆွေးနွေးမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် International Growth Center တို့ပူးပေါင်း၍ မြန်မာ့ဆန်စပါးကဏ္ဍ ပို့ကုန်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### အိမ်ရာနှင့်အဆောက်အအုံဆိုင်ရာပြပွဲ ကျင်းပမည်

မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာလုပ်ငန်းရှင်များအသင်း၏ ပံ့ပိုးကူညီမှုဖြင့် စတုတ္ထအကြိမ်မြောက် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ (၂၀၁၉)ကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ရာ အတိုးမဲ့အရစ်ကျဝယ်ယူနိုင်သော တန်ဖိုးနည်းအိမ်ရာများလည်း ပါဝင်ကြောင်း သိရသည်။

### အရှေ့တောင်အာရှအနုပညာလက်ရာပြပွဲ ကျင်းပမည်

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှမှ အနုပညာရှင် ၄၃ ဦးတို့၏ ပြန်လည်တွေးခေါ်နိုင်ရန် လှုံ့ဆော်ပေးသော Conceptual Art အနုပညာလက်ရာများပြပွဲကို ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

### အိပ်ပျော်နေစဉ် ပြန်မနိုးလာသောရောဂါအကြောင်း ဟောပြောမည်

အဝလွန်ခြင်းကြောင့် အိပ်ပျော်နေစဉ် ပြန်မနိုးလာသောရောဂါအကြောင်းနှင့်ပတ်သက်၍ ကာကွယ်နိုင်မည့် နည်းလမ်းများအကြောင်းကို အဆုတ်နှင့်ရင်ခေါင်းအထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာဝင်းနိုင်နှင့် ပါမောက္ခ ဒေါက်တာရဲထွန်းတို့က အာရှတော်ဝင်ဆေးရုံ၌ ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ဟောပြောသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**မြင့်စိုး**

### မြန်မာ-ဂျပန် ဂီတပွဲတော် နေပြည်တော်၌ ကျင်းပမည်

ဂျပန်ဂီတပညာရှင်များ ပါဝင်ဖျော်ဖြေမည့် မြန်မာ-ဂျပန် ဂီတပွဲတော်ကို ဇန်နဝါရီ ၂၃ ရက် ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC II) ၌ ကျင်းပသွားမည်ဖြစ်သည်။

"Myanmar National Symphony Orchestra With Japan Concert 2019" ဟု အမည်ပေးထားသည့် အဆိုပါ မြန်မာ-ဂျပန် ဂီတပွဲတော်တွင် နိုင်ငံတော်သံစုံတီးဝိုင်း၊ ဂျပန်ဂီတစာဆို တီးဝိုင်းခေါင်းဆောင် Mr. Yunosuke Yamamoto (Conductor & Composer) ဦးဆောင်သည့် ဂျပန်သံစုံတီးဝိုင်းနှင့် ဂျပန်ဂီတပညာရှင်တို့က နားပန်းဆံ၊ ရွှေဘိုသနပ်ခါး စသည့် မြန်မာသီချင်းများအပါအဝင် ဂျပန်နှင့် အနောက်တိုင်း သံစဉ်များကိုလည်း ဖျော်ဖြေတီးခတ်သွားကြမည်ဖြစ်ပြီး ဂီတချစ်မြတ်နိုးသည့် ပြည်သူများ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

### ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ပွဲအထိမ်းအမှတ် အခမ်းအနားများ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပမည်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ပွဲအထိမ်းအမှတ် အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများတွင် စည်ကားသိုက်မြိုက်စွာကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### အရေးပေါ်အသက်ကယ်သင်တန်းဌာန ဖွင့်ပွဲအခမ်းအနား ကျင်းပမည်

နေပြည်တော် ဇမ္ဗူသီရိ ခုတင် ၅၀ ဆံ့ဆေးရုံကြီး၌ အရေးပေါ်အသက်ကယ်သင်တန်းဌာန ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက် ၈ နာရီတွင် အဆိုပါ ဆေးရုံကြီးရှိ သင်တန်းဌာနတွင် ကျင်းပမည်ဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

### ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရအဆိုရှင်များ၏ ပြိုင်ပွဲဝင်တေးသီချင်းများ ထုတ်လုပ်ဖြန့်ချိနိုင်ရေး အသိပေးမိတ်ဆက်ပွဲ ကျင်းပမည်

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ကြီးမှူးကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရအဆိုရှင်များ၏ ပြိုင်ပွဲဝင်တေးသီချင်းများ DVD ထုတ်လုပ်ဖြန့်ချိနိုင်ရေး အသိပေးမိတ်ဆက်ပွဲကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(A)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### နိုင်ငံတကာ စက်မှုနည်းပညာပြပွဲနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ ကျင်းပမည်

စက်မှုဝန်ကြီးဌာနနှင့် Myanmar Promotional Services (MPS) Co., Ltd. တို့ ပူးပေါင်း၍ (၆)ကြိမ်မြောက် နိုင်ငံတကာစက်မှုနည်းပညာပြပွဲနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ "The 6th International Industrial Technology & Machinery Show 2019" ကို ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာစက်မှုနည်းပညာပြပွဲနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် တပ်မတော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

### ဒေသတွင်းထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲ မြိတ်မြို့၌ ကျင်းပမည်

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက ဦးစီးကျင်းပသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြပွဲပြိုင်ပွဲကို မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလှည့်ကျ ကျင်းပလျက်ရှိပြီး ဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းပြခန်းများ၊ ထုတ်ကုန်ပစ္စည်းပြိုင်ပွဲများ၊ စီးပွားရေးဆိုင်ရာ ဟောပြောပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**မောင်မောင်မျိုး**

❍ စာမျက်နှာ ၁၀ မှ

**ညှိနှိုင်းဆောင်ရွက်**

နောက်တစ်ခုက Administrative Reform ဖြစ်ပါတယ်။ ပင်မလုပ်ငန်းစဉ်မှာ ပြုပြင်ရမယ့်ဟာတွေ၊ ဖြေလျှော့ရမယ့်ဟာတွေကို လေ့လာပြီး ကျွမ်းကျင်ပညာရှင်တွေနဲ့ တွေ့ပြီး လျှော့ချပေးမယ်။ ညှိနှိုင်းဆောင်ရွက်မယ်။ ဥပမာ ပြောရရင် ဆေးဖိုးတင်ပြတဲ့အခါ မိတ္တူကူးရတာတွေ များနေတယ်။ ဒါကို ဘယ်လိုဖြေလျှော့ပေးမလဲဆိုတာ သိဖို့ Pilot Project အဖြစ် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နဲ့ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွေမှာ ၂၀၁၉ ခုနှစ်လောက်မှာစပြီး First Quarter လောက်မှာ လုပ်နိုင်မယ်ထင်ပါတယ်။

ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်မှာတော့ ပြင်ရမယ့်၊ ဖြည့်ရမယ့်အရာတွေကို လုပ်ဆောင်ပါတယ်။ အလုပ်သမားတွေက တောင်းဆိုတိုက်တွန်းတာလည်းရှိတော့ ဒါတွေကို အလုပ်သမားတွေအားလုံးအတွက် ရပိုင်ခွင့်တွေ ပိုရလာအောင် ဘယ်လိုပြင်ပေးရမလဲဆိုတာကို ဥပဒေပြင်ဆင်ရေးနှင့် လေ့လာရေးအဖွဲ့၊ ဝန်ကြီးဌာနက ဥပဒေကျွမ်းကျင်သူပညာရှင်အဖွဲ့စတာတွေနဲ့ ဆွေးနွေးညှိနှိုင်းပြီး ဘာတွေပြင်ဆင်မလဲ၊ ဖြည့်စွက်မလဲဆိုတာ လုပ်ထားတယ်။ ဒါနဲ့ချိတ်ဆက်ပြီးတော့ Awareness နဲ့ပတ်သက်ပြီး Communication Strategy ကို ILO ကနေ အကူအညီတောင်းထားတာလည်းရှိတယ်။ ပညာ ပေးတဲ့အပိုင်းမှာ ရုပ်သံမှာလွှင့်သလို နည်းလမ်းပေါင်းစုံကနေ အလုပ်သမားတွေသိရှိအောင် ပညာပေးနေတာလည်းရှိတယ်။ ဘယ်နည်းလမ်းကနေ ပိုထိရောက်သလဲဆိုတာသိအောင် လေ့လာမှုတွေလည်း လုပ်နေတယ်။ ဒါတွေကို ပေါင်းစပ်ပြီး အကျိုးခံစားခွင့်တွေအကြောင်း သိလာကြမှ ငွေတောင်းခံတာနဲ့ ဆေးရုံ၊ ဆေးခန်းတွေမှာ ကုသတာတွေ ပိုပြီးရင်းနှီးကျွမ်းဝင်လာမှာဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

(၂၄)လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် Nawaday 4 Storey Shop House



လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ၁၈ပေ × ပေ၄၀ ကျယ်ဝန်းသောလူနေဆိုင်ခန်း စီးပွားရေးအဆောက်အဦးဖြစ်ပါသည်။ မြေညီထပ်မှာhall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန် သင့်တော်ပါသည်။ပထမထပ်တွင် မီးဖိုခန်းပါပြီး ဧည့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန် သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး တတိယထပ်နောက်ဘက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။

နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦးဖြစ်ပါသည်။

ဖုန်း-၆၅၀၅၃၅၊ ၆၆၆၁၈၃၊ ၆၅၁၄၃၆၊ ၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# ဘရက်ဇစ် သဘောတူညီချက်အတွက် ရှုံးနိမ့်ခဲ့သော်လည်း ဝန်ကြီးချုပ်မေအား ထောက်ခံသူများပြားဖွယ်ရှိ

**လန်ဒန် ဇန်နဝါရီ ၁၆**

ဥရောပသမဂ္ဂအဖွဲ့မှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရေး ဝန်ကြီးချုပ်ထရီဆာမေနှင့် အီးယူအကြား ရရှိထားသည့် ဘရက်ဇစ် သဘောတူညီချက်တစ်ရပ်ကို ပါလီမန်က ပယ်ချခဲ့ပြီးနောက် ဝန်ကြီးချုပ်မေအား အယုံအကြည်မရှိ အဆိုတင်သွင်းခဲ့ရာ ပါလီမန်က ဇန်နဝါရီ ၁၆ ရက်တွင် မဲခွဲဆုံးဖြတ်မည်ဖြစ်ကြောင်း ယနေ့ အေအက်ဖ်ပီသတင်း တစ်ရပ်အရ သိရသည်။

မဲခွဲဆုံးဖြတ်ရာတွင် ဝန်ကြီးချုပ်ထရီဇာမေအား ထောက်ခံသူအရေအတွက် များပြားနိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ခန့်မှန်းပြောကြားကြသည်။

ဘရက်ဇစ် သဘောတူညီချက်ကို ပါလီမန်က ဇန်နဝါရီ ၁၅ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၂၀၂ မဲရရှိခဲ့ပြီး ကန့်ကွက်မဲ ၄၃၂ မဲ ရရှိခဲ့သည်။ ထိုသို့ မဲအရေအတွက် ၂၀၀ ကျော်ရှုံးနိမ့်ခဲ့ရခြင်းသည် ခေတ်သစ် ဗြိတိန်နိုင်ငံသမိုင်းတွင် အစိုးရအတွက် ကြီးမားသော ဆုံးရှုံးမှုတစ်ခုဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ဝန်ကြီးချုပ်မေ ဦးဆောင်သည့် အာဏာရကွန်ဆာဗေးတစ်ပါတီ အမတ် ၁၁၈ ဦးက ကန့်ကွက်မဲပေးသော်လည်း အတိုက်အခံလေဘာပါတီအမတ် သုံးဦးက ထောက်ခံမဲပေးခဲ့ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံအနေဖြင့် မတ် ၂၉ ရက်တွင် အီးယူမှ တရားဝင်နုတ်ထွက်ရမည်ဖြစ်သည်။ အဆိုပါ နုတ်ထွက်မည့် နေ့မတိုင်မီ ၇၃ ရက်သာ လိုတော့သည့်အချိန်တွင် ဘရက်ဇစ် သဘောတူညီမှုအပေါ် တိကျသော ဆုံးဖြတ်ချက်တစ်ရက်ကို ချမှတ်ရမည်ဖြစ်သည်။

ဝန်ကြီးချုပ်မေအား အယုံအကြည်မရှိအဆိုတင်သွင်းခြင်းနှင့်ပတ်သက်ပြီး မဲခွဲဆုံးဖြတ်ရာ၌ ဝန်ကြီးချုပ်မေအား ထောက်ခံမည့်သူ မဲအရေအတွက် နည်းပါးမည်ဆိုပါက ဝန်ကြီးချုပ်မေ အနေဖြင့် ရာထူးမှ နုတ်ထွက်ပေးရမည်ဖြစ်သည်။ သို့သော် ဒီမိုကရက်တစ် ယူနီယံနစ်ပါတီဝင် ၁၀ ဦး၏ပြောကြားချက်အရ ဝန်ကြီးချုပ်မေ၏ အစိုးရအဖွဲ့သည် အတိုက်အခံလေဘာပါတီခေါင်းဆောင် ဂျီရီမီ ကော်ဘန်တင်သွင်းသည့် အယုံအကြည်မရှိ အဆိုနှင့် ပတ်သက်ပြီး အနိုင်ရနိုင်ဖွယ်ရှိသည်ဟု ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်မေ၏ ဘရက်ဇစ် သဘောတူညီမှုကို အမတ်အချို့က ကြိုက်နှစ်သက်ခြင်းမရှိသော်လည်း ဝန်ကြီးချုပ်မေ၏ အစိုးရအဖွဲ့အား ဝန်းရံကြရန် အာဏာရ ကွန်ဆာဗေးတစ်ပါတီအမတ်များက ကြိုးပမ်းကြနိုင်ဖွယ်ရှိကြောင်း သိရသည်။



ဝန်ကြီးချုပ်မေ အနိုင်ရရှိပါက ဇန်နဝါရီ ၂၁ ရက်တွင် အောက်လွှတ်တော်သို့ ပြန်လည်ရောက်ရှိလာကာ ပါလီမန်က ပယ်ချခဲ့သည့် ဘရက်ဇစ်သဘောတူညီမှုနှင့် ပတ်သက်ပြီး အခြားသောနည်းလမ်းတစ်ခု ကြံဆကာ အကြမ်းဖျင်းရေးဆွဲထားသည့် ကြေညာချက်တစ်ရပ် ထုတ်ပြန်ရမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**

# လူအသေအပျောက်ရှိသည့် ကဘူးမြို့ ကားဗုံးခွဲမှုကို လုပ်ဆောင်ခဲ့ကြောင်း တာလီဘန်အဖွဲ့ ကြေညာ

**ကဘူး ဇန်နဝါရီ ၁၆**

လူလေးဦးထက်မနည်းသေဆုံးပြီး ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည့် အာဖဂန်နစ္စတန်မြို့တော် ကဘူး၌ ဖြစ်ပွားခဲ့သော ကားဗုံးခွဲတိုက်ခိုက်မှုကို ၎င်းတို့လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တာလီဘန်စစ်သွေးကြွအဖွဲ့က ကြေညာခဲ့သည်။

ယင်းကားဗုံးခွဲတိုက်ခိုက်မှုသည် ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းတွင် မြို့တော်ကဘူး၏ အရှေ့ဘက်ရှိ အစိမ်းရောင်ရွာဝန်းကျင်အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အစိမ်းရောင်ရွာအတွင်းရှိ နေအိမ်အချို့တွင် အပြည်ပြည်ဆိုင်ရာကုမ္ပဏီများနှင့် အလှူရှင်အဖွဲ့အစည်းများ ရုံးခန်းများ ဖွင့်လှစ်ထားသည်။

ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူအများစုမှာ အရပ်သားများဖြစ်ပြီး ကလေး ၂၀ ခန့်ပါဝင်ကြောင်း အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ၎င်း၏ မိသားစုဝင်အားလုံး ကားဗုံးပေါက်ကွဲမှုတွင် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အသက်ရှင်ကျန်ခဲ့သူ တစ်ဦးက ပြောကြားသည်။

အဆိုပါကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကို တာလီဘန်အဖွဲ့ဝင် ငါးဦးတို့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတို့ထဲတွင် အသေခံဗုံးဖောက်ခွဲရေးသမားတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ်ကို မောင်းနှင်ခဲ့ကြောင်း တာလီဘန်စစ်သွေးကြွအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးအခြေအနေမှာ ဆက်လက်ယိုယွင်းလျက်ရှိနေပြီး လွန်ခဲ့သည့် လအတွင်းက ကဘူးမြို့ရှိ အစိုးရအဆောက်အအုံတစ်ခုအား စစ်သွေးကြွများက တိုက်ခိုက်ခဲ့ခြင်းကြောင့် လူပေါင်း ၄၃ ဦး သေဆုံးခဲ့ရသည်။

ယင်းနိုင်ငံတွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို တာလီဘန်စစ်သွေးကြွများနှင့် အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**




# ကင်မရွန်းနိုင်ငံရှိ အင်္ဂလိပ်စကားပြော ဒေသတစ်ခုတွင် သေနတ်သမားများက ခရီးသည် ၃၆ ဦးအား ပြန်ပေးဆွဲ

**ယောင်ဒေး ဇန်နဝါရီ ၁၆**

ကင်မရွန်းနိုင်ငံမှ အင်္ဂလိပ်ဘာသာစကားပြောသည့် ဒေသနှစ်ခုအနက် တစ်ခုဖြစ်သည့် အနောက်တောင်ပိုင်းဒေသရှိ ဘူအာ-ကွမ်ဘာ အဝေးပြေးလမ်းမကြီးတစ်နေရာ၌ ဇန်နဝါရီ ၁၆ ရက်တွင် ခရီးသည် ၃၆ ဦးအား သေနတ်သမားများက ပြန်ပေးဆွဲခဲ့ကြောင်း ဒေသခံသတင်းများ၌ ဖော်ပြသည်။

ကွမ်ဘာမှ ဘူအာသို့ ဦးတည်မောင်းနှင်လာသည့် ခရီးသည်တင်ဘတ်စ်ကားနှစ်စီးကို အီဒီကီကျေးရွာအနီးတွင် သေနတ်သမားများက တားဆီးရပ်ခိုင်းစေခဲ့ပြီး ခရီးသည်များကို မော်တော်ယာဉ်များပေါ်မှ ဆင်းခိုင်းပြီး ၎င်းတို့၏ စိစစ်ရေးကတ်များကို သိမ်းယူခဲ့ကာ တောရိုင်းမြေအတွင်းရှိ အမည်မသိနေရာသို့ ခေါ်ဆောင်သွားကြောင်း၊ ယာဉ်မောင်းနှစ်ဦးအား ကွမ်ဘာရှိ ဘတ်စ်ကားဂိတ်သို့ ပြန်သွားရန် သေနတ်သမားများက အမိန့်ပေးခဲ့ကြောင်း ယင်းဖြစ်ရပ်အား ကိုယ်တွေ့ကြုံရသည့် ဘတ်စ်ကားယာဉ်မောင်း ဆန်မြူရယ် အေဆောင်က ပြောကြားခဲ့သည်။

အခင်းဖြစ်ပွားရာ အဝေးပြေးလမ်းမတစ်လျှောက်အား ပိတ်ထားခဲ့ပြီး ဓားစာခံများအား ရှာဖွေမှုကို လုပ်ဆောင်နေကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

အာဖရိကတိုက်မှ ပြင်သစ်ဘာသာစကားပြောသူများ အများစုနေထိုင်ရာ ကင်မရွန်းနိုင်ငံတွင်းမှ အင်္ဂလိပ်ဘာသာစကားပြောသူများ နေထိုင်ရာဒေသတွင် လက်နက်ကိုင်ပဋိပက္ခများ မြင့်တက်လာရခြင်း၏ အကြောင်းရင်းတွင် လူများအား ပြန်ပေးဆွဲမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

လွန်ခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက အင်္ဂလိပ်စကားပြောသူများ နေထိုင်ရာဒေသတစ်ခုဖြစ်သည့် အနောက်မြောက်ပိုင်းဒေသမှ လူနေအထူထပ်ဆုံး မြို့တစ်မြို့ဖြစ်သည့် ဘာမန်ဒါမြို့တွင် ကျောင်းသား ၇၉ ဦး ပြန်ပေးဆွဲခံခဲ့ရသည်။

**ဆင်ဟွာ**

# ဆီးရီးယားကလေးငယ်များ အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရ

**ဒမတ်စကတ် ဇန်နဝါရီ ၁၆**

ဆီးရီးယားနိုင်ငံတွင် ပြီးခဲ့သည့်လအတွင်းက ပြင်းထန်သော အအေးဒဏ်နှင့် ကျန်းမာရေးစောင့်ရှောက်မှု လျော့ကျခဲ့ခြင်းတို့ကြောင့် ကလေးငယ် ၁၅ ဦး သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)က ကြေညာချက်တစ်ရပ် ယမန်နေ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁၅ ရက်က ထုတ်ပြန်ခဲ့သည့် ယင်းကြေညာချက်တွင် ဆီးရီးယား-ဂျော်ဒန်နယ်စပ် ရက်ဘန်းဒေသအတွင်း ပြင်းထန်သည့် အခြေအနေများကြောင့် ကလေးငယ်များ၏ အသက်အန္တရာယ် ပိုမိုထိခိုက်လာနိုင်ဖွယ်ရှိသည်ဟု ရေးသားထားသည်။

ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစကလေးများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလျော့ကျခဲ့ခြင်းကြောင့် အသက်လေးလအောက်အရွယ်ရှိ ကလေးငယ်ရှစ်ဦး သေဆုံးခဲ့ရသည်ဟု ယူနီဆက်က ပြောကြားခဲ့သည်။

ဆီးရီးယားအရှေ့ပိုင်းဒေသရှိ ဟဂျင်းမြို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများအကြား ခက်ခဲသောခရီးကြမ်းများတွင် ခိုလှုံစရာနေရာနှင့် လိုအပ်သည့် ထောက်ပံ့မှုများ မရရှိသဖြင့် အသက်တစ်နှစ်အောက်ကလေးငယ် ခုနစ်ဦး သေဆုံးခဲ့ရသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဒီဇင်ဘာလကတည်းက အိုင်အက်စ်စစ်သွေးကြွများနှင့် ဆီးရီးယားစစ်တပ်ဖွဲ့တို့အကြား အပြန်အလှန် စစ်ဆင်ရေးဆင်နွှဲတိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူ ၁၀၀၀၀ ခန့်မှာ နေရာရွှေ့ပြောင်းကာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း သိရသည်။

အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားသည့် ဒေသများအတွင်း ခိုလှုံစရာနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုံလုံလောက်လောက်မရရှိပါက ကလေးငယ်အများအပြား ထပ်မံသေဆုံးနိုင်ဖွယ်ရှိကြောင်း ယူနီဆက်က သတိပေးပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# မြန်မာ ယူ-၂၂ နှင့် ယူ-၁၈ အမျိုးသားအသင်းများ နည်းပြအပြောင်းအလဲ ပြုလုပ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းနှင့် မြန်မာ ယူ-၁၈ အမျိုးသားအသင်းကို နည်းပြချုပ်သစ်များ ဇန်နဝါရီ ၁၆ ရက်က ထုတ်ပြန်ခဲ့ပြီး မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်အဖြစ် ဘူဂေးရီးယားနိုင်ငံသားနည်းပြချုပ် ဗယ်လီဇာပိုပေ့ဗ်၊ မြန်မာ ယူ-၁၈ အသင်းနည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းတို့ကို တာဝန်ပေးအပ်ခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်အဖြစ် ခန့်အပ်ခံရသည့် ပိုပေ့ဗ်သည် ဖေဖော်ဝါရီလဆန်းတွင် အသင်းအား စတင်ကိုင်တွယ်မည်ဖြစ်ပြီး ပထမဆုံးပြိုင်ပွဲအဖြစ် ဖေဖော်ဝါရီ ၁၈ ရက်မှ မတ် ၂ ရက်အထိ ကျင်းပမည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပိုပေ့ဗ်သည် ယူအီးအက်ဖ်အေ ပရိုလိုင်စင်ရထားသူဖြစ်ပြီး လက်ရွေးစင်အသင်းအဖြစ် မော်လ်ဒိုက်အသင်းကိုသာ ၂၀၁၅ ခုနှစ်က ကိုင်တွယ်ဖူးသူဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် အာဆီယံ ယူ-၂၂ ပြိုင်ပွဲပြီးဆုံးပါက မတ်လတွင် အာရှ ယူ-၂၃ ခြေစစ်ပွဲနှင့် နိုဝင်ဘာလတွင် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် လေးနှစ်စီမံကိန်းချမှတ် ဆောင်ရွက်မည်ဖြစ်ပြီး လိုအပ်သည့်အသင်းများအား နည်းပြအပြောင်းအလဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်း၏ ယခင်နည်းပြ ဦးညီညီလတ်ကို အကယ်ဒမီများအတွက် လူငယ်ဖွံ့ဖြိုးရေးဒါရိုက်တာအဖြစ် ပြောင်းလဲခန့်အပ်လိုက်သောကြောင့် ဦးစိုးမြတ်မင်းကို အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ဦးကြည်လွင်မှာမူ နည်းပြလိုင်စင်နှင့် အခြားကိစ္စရပ်များကြောင့် လမ်းခွဲကာ နည်းပြသစ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၈ အသင်းနည်းပြချုပ် ဦးစိုးမြတ်မင်းမှာမူ ယခုရက်ပိုင်းအတွင်း စတင်ကိုင်တွယ်မည်ဖြစ်ပြီး ယင်းအသင်းမှာ MNL ယူ-၂၀ ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် အမြန်ဆုံးကိုင်တွယ်ခြင်းဖြစ်သည်။ ဦးစိုးမြတ်မင်းသည် မြန်မာ့လက်ရွေးစင်အသင်း လက်ထောက်နည်းပြအဖြစ် နောက်ဆုံးဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နည်းပြအားလုံးကို နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ်အဖြစ် ဦးဝင်းသူမိုး၊ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်း၊ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်း၊ မြန်မာ ယူ-၁၅ အမျိုးသားအသင်းနည်းပြချုပ်အဖြစ် တာကာမူ (ဂျပန်) တို့ကို ဆက်လက်တာဝန်ပေးအပ်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**




**လက်ရွေးစင်အသင်းနည်းပြချုပ်များအား တွေ့ရစဉ်။**




# ယခုနှစ်ဘောလုံးရာသီကုန်မှာ အနားယူတော့မယ့် အာဆင်နယ်အသင်းဂိုးသမား ပီတာဆတ်ချ်

အာဆင်နယ်အသင်းရဲ့ ဂိုးသမားတစ်ဦးဖြစ်တဲ့ ပီတာဆတ်ချ်ဟာ ယခုနှစ်ဘောလုံးရာသီကုန်မှာ ကစားသမားဘဝကနေ အနားယူတော့မယ်လို့ သိရပါတယ်။

အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂိုးသမားပီတာဆတ်ချ်ဟာ ၂၀၁၅ ခုနှစ် ဇွန်လအတွင်းက လန်ဒန်မြို့ခံပြိုင်ဘက် ချယ်လ်ဆီးအသင်းကနေ အာဆင်နယ်အသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်းမှာ ၁၁ နှစ်ကြာအထိ ပါဝင်ကစားခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းနဲ့ လက်ရှိ ကလပ်အာဆင်နယ်အသင်းအပါအဝင် ပရီမီယာလိဂ်မှာ ၁၅ နှစ်ကြာ ပါဝင်ကစားခဲ့တာဖြစ်ပါတယ်။

ဂိုးသမားပီတာဆတ်ချ်ကို ၂၀၀၄ ခုနှစ်တုန်းက ပြင်သစ်ကလပ် ရင်းနက်စ်အသင်းကနေ ချယ်လ်ဆီးအသင်းက ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းကို ရောက်ရှိလာတဲ့အချိန်မှာတော့ ပရီမီယာလိဂ်ဖလား လေးကြိမ်နဲ့ ချန်ပီယံလိဂ်ဖလားတစ်ကြိမ် အပါအဝင် စတမ်းဖို့ဘရစ်ချ်မှာ ဆုဖလား ၁၃ လုံးအထိ ရယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့အတူ လက်စွမ်းပြကစားနိုင်ခဲ့ပေမယ့် ၂၀၁၅ ခုနှစ်မှာတော့ ချယ်လ်ဆီးအသင်းက ဘယ်လ်ဂျီယံဂိုးသမား ကော်တိုရစ်ကို အစားထိုးခေါ်ယူခဲ့တာကြောင့် အာဆင်နယ်အသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းနဲ့အတူ ၂၀၁၇ ခုနှစ်က အက်ဖ်အေဖလားကို ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ပီတာဆတ်ချ်အနေနဲ့ ချယ်လ်ဆီးအသင်းနဲ့အတူ ၁၁ နှစ်ကြာ ဖြတ်သန်းခဲ့ရာမှာ ပရီမီယာလိဂ်ပွဲစဉ် ၃၃၃ ပွဲအထိ ပါဝင်ကစားခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းမှာတော့ ပရီမီယာလိဂ်ပွဲစဉ် ၁၁၀ အထိ ပါဝင်ခဲ့တာဖြစ်ပါတယ်။ အခုဘောလုံးရာသီအစမှာ ပီတာဆတ်ချ်ဟာ အာဆင်နယ်အသင်းရဲ့ ပထမဦးစားပေးဂိုးသမားအဖြစ် ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့ပေမယ့် နောက်ပိုင်းမှာ သူ့နေရာကို ဂိုးသမားလီနိုနဲ့ အစားထိုးခဲ့တာကြောင့် နေရာပျောက်ခဲ့ရတာဖြစ်ပါတယ်။ အခုရာသီမှာ ပီတာဆတ်ချ်အနေနဲ့ အာဆင်နယ်အသင်းနဲ့အတူ ၁၂ ပွဲ ပွဲထွက်ကစားခွင့်ရရှိခဲ့တာပါ။

အာဆင်နယ်အသင်းကတော့ လက်ရှိအချိန်မှာ ပရီမီယာလိဂ်ရဲ့အဆင့် ၅ နေရာမှာရပ်တည်နေတာဖြစ်ပါတယ်။ ပီတာဆတ်ချ်ဟာ နည်းပြမော်ရင်ဟို၊ အန်စလော့တီတို့ရဲ့လက်ထက် ချယ်လ်ဆီးအသင်းရဲ့ ရွှေခေတ်မှာ ပါဝင်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး သူရဲ့အောင်မြင်မှု အရှိဆုံးကတော့ ၂၀၁၂ ခုနှစ်က အလိုင်းရန့်အရီနာကွင်းထဲမှာ ဘိုင်ယန်မြူးနစ်အသင်းကို ချယ်လ်ဆီးအသင်းက ပင်နယ်တီအဆုံးအဖြတ်နဲ့နိုင်ပြီး ချန်ပီယံလိဂ်ဖလား ရရှိခဲ့ချိန်ပဲဖြစ်ပါတယ်။ လက်ရှိမှာတော့ ပီတာဆတ်ချ်အနေနဲ့ ဂိုးသမားဘဝကနေ အနားယူဖို့ ဆုံးဖြတ်ထားခဲ့ပြီလည်းဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# စပါးတိုက်စစ်မှူး ဟယ်ရီကိန်း ဒဏ်ရာကြောင့် မတ်လကုန်အထိ အနားယူရမည်

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဟာ ပြီးခဲ့တဲ့တနင်္ဂနွေနေ့က မန်ယူအသင်းနဲ့ စပါးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ခြေချင်းဝတ်အရွတ်ဒဏ်ရာရရှိခဲ့တာကြောင့် မေလကုန်အထိ အနားယူမှာဖြစ်တယ်လို့ ဆိုပါတယ်။

စပါးအသင်းကတော့ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ မတ်လအစပိုင်းလောက်မှာ အသင်းနဲ့အတူ ပြန်လည်ပွဲထွက်ကစားနိုင်မယ်လို့ ပြောထားပါတယ်။ ဟယ်ရီကိန်းဟာ အခုနှစ်ဘောလုံးရာသီမှာ စပါးအသင်းရဲ့ထိပ်တန်းဂိုးသွင်းရှင်ဖြစ်ပြီး သွင်းဂိုး ၂၀ သွင်းယူထားပါတယ်။ အခုလက်ရှိ ဒဏ်ရာပြဿနာကြုံထားတာကြောင့် ဒေါ့မွန်အသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် နှစ်ကျော့စလုံးလွဲချော်ရတော့မှာဖြစ်ပါတယ်။ ဒ့ါအပြင် ဟယ်ရီကိန်းဟာ ဇန်နဝါရီ ၂၄ ရက်မှာ ချယ်လ်ဆီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ကာရာဘာအိုဖလားဆီမီးဖိုင်နယ်ပွဲစဉ်ကိုလည်း လွဲချော်မှာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ စပါးအသင်းက မန်ယူအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်မှာ ဖီးဂျုံးစ်နဲ့ လင်ဒီလော့ဖ်တို့နဲ့ ဘောလုံးယှဉ်လုရာကနေ ဒဏ်ရာရရှိခဲ့တာလည်းဖြစ်ပါတယ်။



# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၅ ရက် မွန်းတည့် ၁၂ နာရီက ဖားကန့်မြို့နယ် နန့်တိန်းကျေးရွာအဝင် မန္တလေး-ဖားကန့်ကားလမ်းတွင် ခရီးသည်တင်မှန်လုံယာဉ်ကို ရှာဖွေရာ ခရီးသည် ဇောင်းခေါင်၏ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူ ဂရမ် ၁၅၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ခရီးသည် တားဖာ၏ ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူ ၁၁၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ခရီးသည် လှကျော်၏ ဆာလာအိတ်အတွင်းမှ ဘိန်းဆီခဲ ၃ ဒသမ ၃ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**ဗန်းမော်မြို့နယ်**

အလားတူ ယင်းနေ့ ညနေ ၅ နာရီက မူးယစ်တပ်ဖွဲ့စု (၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗန်းမော်မြို့နယ် နောင်လိုက်-တိုက်ကျောင်းကျေးရွာသွားလမ်း နောင်လိုက်တံတားအနီးတွင် မစိုးခို မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၃၅ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မတင်ရွှေ၏ နေအိမ်ကို ရှာဖွေရာ မတင်ရွှေနှင့် မခင်မေတို့အား နေအိမ်တွင်တွေ့ရှိရပြီး မခင်မေထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ငွေကျပ် နှစ်သိန်းတို့ကို လည်းကောင်း။

**မိုးမိတ်မြို့နယ်**

ထို့အတူ ညနေ ၆ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် မိုးမိတ်-မဘိမ်းကားလမ်း မိုင်တိုင်အမှတ် ၄/၃ အနီးတွင် ညီညီသန့် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မိုးမိတ်မြို့နယ် ရွှေဇာလီကျေးရွာအုပ်စု အထက်ညောင်နီကျေးရွာနေ မခင်အောင်၏နေအိမ်ကိုရှာဖွေရာ ဘိန်းစိမ်း တစ်ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၂၇ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ယာဉ်တစ်စီးတိမ်းမှောက်ရာမှ ကျောင်းသားတစ်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရ

**တနင်္သာရီ ဇန်နဝါရီ ၁၆**

တနင်္သာရီမြို့နယ်တွင် ဇန်နဝါရီ ၁၅ ရက်က ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာမှ ကျောင်းသားတစ်ဦး သေဆုံးခဲ့ပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မူလွန်-ရေဖြူကျောင်းမှ ရွှေကမ္ဘောဇဆီအုန်းကုမ္ပဏီ (ရေဖြူ)သို့ ဦးမောင်မောင်ဝင်း မောင်းနှင်သည့် ကျောင်းကြို/ပို့ယာဉ်သည် ကျောင်းသား ကျောင်းသူရှစ်ဦးနှင့် ကုမ္ပဏီဝန်ထမ်းတစ်ဦးတို့အား တင်ဆောင်ကာ ရွှေကမ္ဘောဇဆီအုန်းကုမ္ပဏီသို့ ပြန်လာစဉ် ဇန်နဝါရီ ၁၅ ရက် ညနေ ၄ နာရီခန့်က ဆင်ဖြူရှင်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း(ရေဖြူ)ရှေ့အရောက်တွင် ကားရှေ့ယာဘက်ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းညာဘက်သို့ တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် ကျောင်းသားတစ်ဦး သေဆုံးခဲ့ပြီး ကျောင်းသား ကျောင်းသူ ငါးဦးနှင့် ကုမ္ပဏီဝန်ထမ်းတစ်ဦးတို့ ဒဏ်ရာများ ရရှိခဲ့ကြသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဦးမောင်မောင်ဝင်းအား တနင်္သာရီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးခစန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၆၉၂ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၂၄၀ သန်း) စုစုပေါင်းတားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၉၃၂ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၁၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Wish ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွားရွေ့ သုည ဒသမ ၅၅၉၀ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၆၇၇ သန်းကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုက်ထိုရှိ One Stop Mart စတိုးဆိုင်ကို လူနှစ်ဦးက သေနတ်ကိုင်၍ ဓားပြတိုက်မှုဖြစ်စဉ်အား ရဲတပ်ဖွဲ့က ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီး

**ကျိုက်ထို ဇန်နဝါရီ ၁၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ တောင်သူစုရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ One Stop Mart စတိုးဆိုင်တွင် ဇန်နဝါရီ ၁၅ ရက် ည ၁၁ နာရီ မိနစ် ၄၀ ခန့်က သေနတ်ပြ ဓားပြတိုက်ပြီး ဆိုင်ကယ်တစ်စီးပါ လုယူသွားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ AK-47 သေနတ်ကိုင်ဆောင်ထားပြီး အနက်ရောင်ဝတ်ဆင်ထားသော လူငယ်နှစ်ဦးက စတိုးဆိုင်အတွင်းဝင်လာကာ ကောင်တာထဲမှ ဈေးရောင်းရငွေများအား နှိုက်ယူခဲ့ပြီး ဆိုင်ကယ်သော့အားတောင်း၍ မောင်းယူသွားကြောင်း ကျိုက်ထိုရဲစခန်းသို့ လာရောက်တိုင်တန်းသဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်း၏ ကြီးကြပ်မှုဖြင့် ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းထွန်းနှင့် ပူးပေါင်းအဖွဲ့သည် မြို့ဝင်/မြို့ထွက်ဂိတ်များကို ပိတ်ဆို့ထားပြီး လိုက်လံရှာဖွေစစ်ဆေးနေစဉ် ကင်မွန်းချောင်ကျေးရွာအနီးတွင် မသင်္ကာဖွယ်လူနှစ်ဦးအား တွေ့ရှိသဖြင့် စစ်မေးရာ ပြစ်မှုကျူးလွန်သူများဖြစ်ကြောင်း သိရ၍ ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိသူများအား စစ်မေးရာ ရဲထက် ကမ်းနားလမ်း (၂)ရပ်ကွက် ဗိုလ်တထောင်မြို့နယ်နေသူနှင့် အောင်ကိုကိုဦး ဘုရားကုန်းလမ်း သန်လျင်မြို့နေသူတို့ဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်စဉ်က ကျောပိုးထားသည့် ပြောက်ကျားကျောပိုးအိတ်၊ ၎င်းတို့ဝတ်ဆင်ခဲ့သည့် အဝတ်အစားများ၊ AK-47 သေနတ်နှင့် ကျည်အတောင့် ၄၀၊ ကျည်အိမ်တစ်ခု၊ ပြစ်မှုကျူးလွန်စဉ်က ယူဆောင်သွားသည့် ဆိုင်ကယ်နှင့် One Stop Mart အရောင်းဆိုင်မှ လုယက်ယူဆောင်သွားသည့် ငွေကျပ် ၂၂၃၆၀၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ကျိုက်ထိုရဲစခန်းက ရဲထက်နှင့် အောင်ကိုကိုဦးတို့အား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

Times City

Times City ၏

Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ ဆိုင်ခန်းများ ငှါးရမ်းမိတ်ဆက်ပွဲအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁၂) ရက် နှင့် (၁၃) ရက် တို့တွင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ထပ်မံ၍ ငှါးရမ်းလိုသော မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉:၀၀ နာရီ မှ ညနေ ၅:၀၀ နာရီအထိ **Information Centre** အား ဖွင့်လှစ်ထားရှိသွားမည်ဖြစ်ပြီး မိတ်ဆွေများအနေဖြင့် သိရှိလိုသည့်အချက်များ၊ ငှါးရမ်းလိုသည့် ရုံးခန်း၊ဆိုင်ခန်းများအား ဆက်လက်ကြည့်ရှု စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

*Soft opening on 01 May 2019*

ဆက်သွယ်ရမည့်လိပ်စာ - Times City ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ ။
ဖုန်းနံပါတ်များ -09-765800800 , 09-764800800 , 09-5045777
Website - http://www.timescity.com.mm
Facebook - Times City Yangon - Myanmar
Email - timescityproject@gmail.com



# ကချင်ပြည်နယ်နေ့အခမ်းအနားတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

**မြစ်ကြီးနား ဇန်နဝါရီ ၁၆**
(၇၁) နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြည်နယ်နေ့အခမ်းအနားကို အောင်မြင်အောင် လက်တွဲပူးပေါင်း ကူညီဆောင်ရွက်ခဲ့သည့်အတွက် ရိုးရာယဉ်ကျေးမှုအဖွဲ့များအား အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က (၇၁) နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော ဂျိန်ဖော့၊ ရဝမ်၊ လီဆူ၊ လာချိဒ်၊ လော်ဝေါ်၊ ဇိုင်းဝါး စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ရှမ်းတိုင်းရင်းသားများဖြစ်ကြသည့် တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခန္တီးစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် ဗမာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တို့အတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်သိန်းစီ၊ စီတာပူကချင်ရိုးရာအတီးအမှုတ်ဘင်ခရာအဖွဲ့အတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကင်ရောတန်ဂွမ်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်သိန်းကို ထောက်ပံ့ပေးအပ်ရာ ရိုးရာယဉ်ကျေးမှုအဖွဲ့များမှ တာဝန်ရှိသူများက အသီးသီးလက်ခံခဲ့ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲ တက်ရောက်

**ပွင့်ဖြူ ဇန်နဝါရီ ၁၆**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လက်ပန္နယ်ကျေးရွာတွင် ကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ကျေးလက်နေပြည်သူများ လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရမှ ဘဏ္ဍာနှစ်အလိုက် ပြည်သူ့အခွန်ဘဏ္ဍာငွေဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့ရပ်ရွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးစားလုပ်ကိုင်သွားကြရန် ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်းက ကျေးရွာအတွင်း မှုခင်းဖြစ်ပွားမှုများမရှိအောင် နေထိုင်သွားကြရန် ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဒုတိယလျှပ်စစ်အင်ဂျင်နီယာချုပ် ဦးထောင်ဇိုခိုင်က လျှပ်စစ်မီးအသုံးပြုရာတွင် သတိပြုလိုက်နာရမည့် လျှပ်စစ်အန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို ပညာပေးရှင်းလင်းဆွေးနွေး ပြောကြားသည်။

လက်ပန္နယ်ကျေးရွာတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း အရှည်ပေ ၁၅၀၀ နှင့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ပေးခြင်း၊ အလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ခွင့်ရရှိခြင်း၊ ကျေးလက်ဆေးပေးခန်း တည်ဆောက်ပေးခြင်း၊ အရှည်ပေ ၃၀၊ အကျယ် ၁၆ ပေရှိ ကုန်ထုတ်တံတားတည်ဆောက်ပေးခြင်းနှင့် အလျား ၂၅ ပေ၊ အနံပေ ၂၀ ရှိ ကျေးရွာစာကြည့်တိုက် အဆောက်အအုံ တည်ဆောက်ပေးခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ **ရဲဝင်းနိုင် (ညောင်ဦး)**



# အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**စစ်တွေ ဇန်နဝါရီ ၁၆**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် ညနေ ၃ နာရီခွဲက စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ ကျင်းပသည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် စစ်တွေခရိုင်အသင်းနှင့် မြောက်ဦးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်တွေခရိုင်အသင်းက ငါးဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အကောင်းဆုံးဆုရ ဂိုးသမားဆု၊ နောက်တန်းဆု၊ အလယ်တန်းဆု၊ ရှေ့တန်းဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ အားကစားသမားများအား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်တို့က လည်ဆွဲတံဆိပ်နှင့် ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး ဒုတိယဆုရ မြောက်ဦးခရိုင်အသင်းအား ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြသန်းက တစ်ဦးချင်းလည်ဆွဲတံဆိပ်နှင့် ငွေသားဆု ငါးသိန်းအားလည်းကောင်း၊ ပထမဆုရ စစ်တွေခရိုင်အသင်းအား ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက တံခွန်စိုက်ဆုဖလားနှင့် တစ်ဦးချင်းလည်ဆွဲတံဆိပ်၊ ငွေသားဆု ခုနစ်သိန်းအားလည်းကောင်း ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ နိုင်ငံခြားသားခရီးသွားဧည့်သည် ၅၀ နီးပါး လာရောက်လည်ပတ်

**လေရှီး ဇန်နဝါရီ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့တွင်ကျင်းပသည့် ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ နိုင်ငံခြားသားခရီးသွားဧည့်သည် ၄၉ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။



၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပသည့် လေရှီးမြို့သို့ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်၊ ဂျပန်၊ ဩစတြေးလျ၊ ပြင်သစ်၊ အစ္စရေး၊ အမေရိကန်၊ ကနေဒါ၊ ချက်၊ အီတလီ၊ တောင်ကိုရီးယား၊ စပိန်နိုင်ငံတို့မှ အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၄၉ ဦးတို့ လာရောက် လည်ပတ်ခဲ့သည်။

"နိုင်ငံခြားသားခရီးသွားဧည့်သည်တွေ လေရှီးမြို့ကို ပွင့်လင်းရာသီမှာတော့ အများဆုံးလာရောက်လည်ပတ်ကြတယ်၊ အခုနှစ်ကတော့ ရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပတော့ လာရောက်လည်ပတ်မှုများတယ်လို့ ပြောရမယ်၊ ပွဲတော်ကာလတစ်ခုတည်းမှာကို ၅၀ နီးပါး လာရောက်လည်ပတ်ကြတာ၊ ကျန်တဲ့အချိန်တွေကတော့ လာရောက်လည်ပတ်တဲ့သူအတော့်ကိုနည်းတယ်" ဟု လေရှီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်စိုးမိုးက ပြောသည်။

လေရှီးမြို့နယ်သို့ နှစ်စဉ်နိုင်ငံခြားသားလာရောက်လည်ပတ်မှုအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ခုနစ်ဦး၊ ၂၀၁၂ ခုနှစ်တွင် ၃၇ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၂၁ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၁၉ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၅၉ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၃၉ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၅၉ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၆၃ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း လေရှီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# (၇၂)နှစ်မြောက်ပြည်ထောင်စုနေ့အကြိုပြပွဲ၊ ပြိုင်ပွဲကျင်းပ

**ပြည်ကြီးတံခွန်**
(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ပုံပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်ရှိ လူထုအခြေပြုဗဟိုဌာနတွင် ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ အလက(၂၅)၊ Mother's Choice Foundation Center (M'sC FC ) ကိုယ်ပိုင်အလယ်တန်းကျောင်းနှင့် သပြေညို ကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၂၀ တို့က ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

**ကျိုက်မရော**
(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက ကျိုက်မရောမြို့နယ် ကော့ဒွန်းကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပသည်။

မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံနှင့် လူကုန်ကူးမှုအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပြီး ပြည်ထောင်စုနေ့နှင့်သက်ဆိုင်သော ပညာပေးပိုစတာများနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

**မြို့နယ် ( ပြန်/ဆက်)**

**ဖာပွန်**
(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ဆေးရောင်ခြယ်ပြိုင်ပွဲကို ကရင်ပြည်နယ် ဖာပွန်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဇန်နဝါရီ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဖာပွန်မြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၂၄ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိသော ကျောင်းသားကျောင်းသူများအား ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နှောင်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်သည်။

**ကျော်ဝဏ္ဏ(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### ကျေးလက်အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**ဖြူး**
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဖြူးမြို့နယ်ရှိ ကျေးလက်ဒေသအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဖြင့် ရွာတန်းရှည်ကျေးရွာနှင့် ဘန်းလောင်(ဥတု)ကျေးရွာတို့သို့ ဇန်နဝါရီ ၁၅ ရက် ညနေ ၄ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ သိမ်းဆည်းခြင်း၊ ကူးစက်ရောဂါကာကွယ်ရေးနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးများကို မိမိတို့အသိစိတ်ဖြင့် ဆောင်ရွက်စေလိုကြောင်းပြောကြားခဲ့သည်။ **ဖြူး (ပြန်/ဆက်)**

### ကျောက်ပန်းတောင်းမြို့နယ်တွင် ပညာရေးစုံညီပွဲတော်ကျင်းပ

**ကျောက်ပန်းတောင်း**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဒေါင်းလည်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူခိုင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦးတို့က ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

### သန်လျင်၌ စိုက်ပျိုးနည်းစနစ်များ အသိပညာပေး

**ရန်ကုန်**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းအောင်နှင့်အဖွဲ့သည် တိုင်းဒေသကြီး၊ ခရိုင်တို့မှ စိုက်ပျိုးရေးပညာရှင်များပါဝင်သောအဖွဲ့တို့နှင့်အတူ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက သန်လျင်မြို့ ဒေးဇတ်၊ သပြေကုန်းနှင့် လဟာယက်ကျေးရွာများမှ တောင်သူများအား စိုက်ပျိုးနည်းပညာများဖြစ်သော GAP၊ GHP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး နည်းစနစ်များ၊ စိုက်ခင်းအတွင်း ငမြောင်တောင်ပိုးများကျရောက်ပါက ကာကွယ်နိုင်ရေးနည်းလမ်းများကို တာဝန်ရှိသူများက ဟောပြောပို့ချခဲ့ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

### ကော်ဖီစိုက်တောင်သူများအား ကော်ဖီမျိုးစေ့များပေးအပ်

**ပျဉ်းမနား**
ပျဉ်းမနားမြို့နယ် အရှေ့တောင်ပေါ်ဒေသ ကော်ဖီစိုက်တောင်သူများအား ကော်ဖီမျိုးစေ့များနှင့် ပျိုးအိတ်ခွံများပေးအပ်ခြင်းကို ဇန်နဝါရီ ၁၃ ရက် နံနက် ၈ နာရီက မြသီတာကျေးရွာ ကော်ဖီခြံ၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းတို့သည် ကော်ဖီစိုက်ခင်းများကိုကြည့်ရှုကာ တောင်သူများအား ကော်ဖီမျိုးစေ့ ၂၀၀၀၀ နှင့် ပျိုးအိတ်ထည့်ရန်အိတ်ခွံ ၁၅၀၀၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှူပ (မန်းတက္ကသိုလ်)**

### မန်တုံမြို့တွင် ပြည်သူ့စကားဝိုင်းကျင်းပ

**မန်တုံ**
တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူတို့၏အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းအခမ်းအနားကို မန်တုံမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး နမ့်ကုမ်အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအယိုင်စဉ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူ၊ မန်တုံမြို့မ ရဲစခန်းမှူး၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးတို့က ဦးဆောင်ဆွေးနွေးခဲ့ကြရာ တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **စည်သူမောင်မောင်(ပြန်/ဆက်)**

# ရေကြောင်းသွားလာလုပ်သားမိသားစု အကျိုးပြုစီမံကိန်းစတင်

**ရန်ကုန် ဇန်နဝါရီ ၁၆**
ရေကြောင်းသွားလာ လုပ်သားမိသားစု အကျိုးပြုစီမံကိန်း စတင်မိတ်ဆက်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက မဟာဗန္ဓုလလမ်းနှင့်သိမ်ဖြူလမ်းထောင့်ရှိ မြန်မာဝိုင်အမ်စီအေခန်းမ၌ ကျင်းပသည်။

"ရေကြောင်းသွားလာ လုပ်သားမိသားစု အကျိုးပြုစီမံကိန်းကို ယနေ့စတင်လိုက်ပြီဖြစ်ပါတယ်။ ဒီစီမံကိန်းကို ထောက်ပံ့ပေးတာကတော့ Sailors Society အဖွဲ့ဖြစ်ပါတယ်။ စီမံကိန်းကာလကတော့ နှစ်နှစ်သက်တမ်းဖြစ်ပါတယ်။ စီမံကိန်းကာလအတွင်း ပေါင်းကူးတံတားသဖွယ် ကူညီဆောင်ရွက်ပေးမယ့် အဖွဲ့ကတော့ Habitat for Humanity Myanmar အဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံကင်းထောက်အဖွဲ့နဲ့ ပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြန်မာဝိုင်အမ်စီအေအသင်း ဥက္ကဋ္ဌ ဦးသာစိန်ကပြောသည်။

အဆိုပါစီမံကိန်းအရ သင်္ဘောသားမိသားစုများအား Public Campaing များ ပြုလုပ်ပြီး အသိပညာဗဟုသုတများ တိုးပွားအောင်ဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးရန် အရည်အသွေးမြှင့်တင်ပေးသော သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း၊ အခြေခံအဆောက်အအုံများနှင့် ပတ်သက်ပြီး မွမ်းမံပြင်ဆင်ပေးခြင်းစသည့် အစီအစဉ်သုံးရပ်ပါဝင်ကြောင်း သိရသည်။

"ဒီစီမံကိန်းကနေ သင်္ဘောသားမိသားစုဝင်ပေါင်း ၁၅၀၀ ခန့်ကို အသိအမြင် ဗဟုသုတတွေတိုးပွားအောင်ဆောင်ရွက်ပေးမယ်။ ပြီးတော့ လူပေါင်း ၅၀၀ ခန့်ကို အသက်မွေးဝမ်းကျောင်း ပညာရပ်တွေဖြစ်တဲ့ အင်္ဂလိပ်စာသင်တန်း၊ စက်ချုပ်သင်တန်း အစရှိတဲ့ သင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးမယ်။ ပြီးတော့ သင်္ဘောသားမိသားစုရဲ့ အိမ်ပေါင်း ၁၀၀ ခန့်ကို ရေအိမ်တွေပြုပြင်ပေးတာတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြန်မာဝိုင်အမ်စီအေ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ဝင်းက ပြောသည်။

မြန်မာဝိုင်အမ်စီအေအသင်းသည် တရားဝင် မှတ်ပုံတင်ထားသော အဖွဲ့အစည်းဖြစ်ပြီး မြန်မာနိုင်ငံအနှံ့ အသင်းခွဲပေါင်း ၃၁ သင်းရှိကာ လူမှုအကျိုးပြု ပရဟိတစီမံကိန်းလုပ်ငန်းများစွာ အကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝိုင်အမ်စီအေအစ လန်ဒန်ကဆိုသည့်အတိုင်း ဝိုင်အမ်စီအေကို ယခုအခါ ထူထောင်မှု နှစ်ပေါင်း ၁၇၅ နှစ်ပြည့်မြောက်တော့မည်ဖြစ်ကြောင်း သိရသည်။ **မြင့်မောင်စိုး**



"mwfykdcifrmiOif(alu;r)kd

# မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်အနေဖြင့် ဥပဒေနှင့်အညီ သင်္ဘောသားများ၏ နစ်နာမှုအကျိုးခံစားခွင့်များကို ကူညီသွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၆**
ဇန်နဝါရီ ၂ ရက်က Taiwan တွင် နစ်မြုပ်ခဲ့သည့် M.V. London ကုန်တင်သင်္ဘောတွင် တာဝန်ထမ်းဆောင်ရင်း သေဆုံး၊ ပျောက်ဆုံးခဲ့သည့် မြန်မာသင်္ဘောသားများ၏ နစ်နာမှုအကျိုးခံစားခွင့်များအတွက် ကာယကံရှင်မိသားစုများက ဆက်သွယ်လာပါက မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ် (MSF) အနေဖြင့် ဥပဒေနှင့်အညီ ကူညီမှုများ ပြုလုပ်သွားမည်ဖြစ်သည်ဟု ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ယုဇနဟိုတယ်၌ ပြုလုပ်သည့် သင်္ဘောသား မိသားစုများနှင့် တွေ့ဆုံပွဲတွင် ဒေါက်တာရဲအောင်က ပြောသည်။



"ကျွန်တော်တို့အဖွဲ့ကို သင်္ဘောသားတွေ အကျိုးခံစားခွင့်နဲ့ ပတ်သက်ပြီး နစ်နာတယ်ထင်တဲ့သူ မည်သူမဆို ဆက်သွယ်အကြောင်းကြားပါ။ ကျွန်တော်တို့သည် သင်္ဘောသားတွေဘက်က တစ်ပြားတစ်ချပ်မှ မယူဘဲ လိုက်ပါ ဆောင်ရွက်ပေးပါတယ်။ ဥပဒေကြောင်းအရ လိုအပ်လာရင်လည်း ရှေ့နေငှားပြီး ဆောင်ရွက်ပေးပါမယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မကြာမီရက်ပိုင်းက နစ်မြုပ်ခဲ့သည့် M.V. London ကုန်တင်သင်္ဘောသည် ၂၀၀၀ ပြည့်နှစ်ကတည်းက တည်ဆောက်ခဲ့သည့်သင်္ဘောဖြစ်ပြီး တောင်တရုတ်ပင်လယ်တွင် ရာသီဥတုဆိုးရွားနေချိန် စက်ချွတ်ယွင်းခြင်းကြောင့် ယခုကဲ့သို့ နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ M.V.London ကုန်တင်သင်္ဘောပေါ်တွင် မြန်မာသင်္ဘောသား ၁၄ ဦး၊ ထိုင်ဝမ်တစ်ဦးပါရှိပြီး တရုတ်နိုင်ငံတောင်ပိုင်း Kaohsiung မြို့မှ တောင်ကိုရီးယားနိုင်ငံ Busan မြို့သို့ ထွက်ခွာစဉ် Taizhou မြို့နှင့် ရေမိုင် ၉၀ အကွာအဝေး၌ နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် သင်္ဘောပေါ်ပါ စာရင်းများအရ မြန်မာသင်္ဘောသား ၁၄ ဦးတွင် တစ်ဦးသေဆုံးပြီး အသက်ရှင်သူလေးဦးမှာ အောင်အောင်ဦး၊ မင်းဇော်အောင်၊ ကျော်မင်းဝေ၊ မြတ်ထွဋ်ဝင်းတို့ဖြစ်ပြီး လက်ရှိတွင် မြန်မာသင်္ဘောသားကိုးဦး ပျောက်ဆုံးနေကြောင်းနှင့် ၎င်းတို့သည် Sun Maritime: Leader Marine Overseal Ocean World Shipping စသည့် ကုမ္ပဏီများနှင့် ချိတ်ဆက်ထွက်ခွာခဲ့သူများဖြစ်ကြောင်း ယင်းနေ့ အခမ်းအနားမှ သိရသည်။ **သီသီမင်း**

# မန္တလေးရတနာမောကျောက်မျက်နှင့်လက်ဝတ်ရတနာအရောင်းပြပွဲ နိုင်ငံတကာကုန်သည်များလာရောက်ဝယ်ယူ

**မန္တလေး ဇန်နဝါရီ ၁၆**
မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရတနာပုံစူပါစင်တာ Mandalay Yatanar Mall International Gems Shopping Mall ၌ နိုင်ငံတကာအဆင့်မီ ကျောက်မျက်ရတနာ ရောင်းချပွဲကို ဇန်နဝါရီ ၁၅ ရက်က စတင်ကျင်းပရာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ကျောက်မျက်ရတနာ ဆိုင်ပေါင်း ၄၀၀ ခန့် ပါဝင်ရောင်းချလျက်ရှိပြီး နိုင်ငံတကာနှင့် ပြည်တွင်းမှ ရတနာကုန်သည်များ လာရောက်ခဲ့ကြပြီး အများစုမှာ တရုတ်နိုင်ငံမှ ဖြစ်ကာ ကျောက်စိမ်း၊ ကျောက်မျက်ကို အဓိကဝယ်ယူကြကြောင်း တွေ့ရသည်။

ပြပွဲတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ကြယ်စင်ဟိန်း စိန်ရွှေရတနာဆိုင်မှ ဒေါ်သူသူမော်က "အခုလိုပြည်တွင်းနဲ့ နိုင်ငံတကာက ရတနာကုန်သည်တွေလာရောက်ဝယ်ယူတဲ့ပွဲမျိုးမှာ အရည်အသွေးရှိတဲ့ တွင်းထွက် ပစ္စည်းအစစ်တွေနဲ့ အရည်အသွေးမီ ရွှေထည်တွေ ဆန်းသစ်တဲ့အတွေးနဲ့ပြုလုပ်ထားသည့် လက်ဝတ်ရတနာတွေကို ပြသရောင်းချနိုင်တယ်ဆိုရင် ဝယ်ယူသူတွေလည်း စျေးကောင်းပေးပြီး ဝယ်ယူကြမှာပါ" ဟု ပြောသည်။

ပွဲတော်ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးသိန်းဝင်းက "နိုင်ငံတကာ ဝယ်လက်တွေ စိတ်ဝင်စားလာအောင် အခုလိုပွဲမျိုးတွေကို ဆောင်ရွက်ပေးဖို့ လိုပါတယ်။ ဒီပွဲတော်အတွက် နိုင်ငံတကာက ရတနာကုန်သည် တစ်သောင်းကျော်ကို ဖိတ်ခေါ်ခဲ့ပါတယ်။ အခုကျင်းပတဲ့ ပွဲတော်က မြန်မာနိုင်ငံထွက် တွင်းထွက်ရတနာပစ္စည်းတွေကို နိုင်ငံတကာကို ပထမဦးဆုံးရောင်းချတဲ့ ပထမဦးဆုံး ခြေလှမ်းဖြစ်ပါတယ်။နောင်မှာလည်း မြန်မာနိုင်ငံတွင်းထွက် ကျောက်မျက်ရတနာပစ္စည်းတွေပိုမိုရောင်းချနိုင်အောင် အစီအစဉ်တွေ ဆောင်ရွက်သွားမှာပါ" ဟု ပြောသည်။

ပြပွဲတွင် ကျပ်သုံးသိန်းအထက် ဝယ်ယူသူများအား ကံစမ်းမဲလက်ဆောင် တစ်စောင်နှုန်းပေးပြီး ရွှေဒင်္ဂါးပြားနဲ့ အထူးဆုများကို နေ့စဉ်ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်ပြီး ပြပွဲလာဧည့်သည်များအတွက် မွေးနေ့ မွေးရပ်နှင့် ကိုက်ညီသည့် မြန်မာ့တွင်းထွက်ကျောက်မျက်ရတနာများကို လက်ဆောင်အဖြစ် ပေးအပ်ခြင်း၊ ပြပွဲသို့ နှစ်ရက်လေ့လာသူများကို မန္တလေးရတနာမောတံဆိပ်ပါသည့် ရွှေဒင်္ဂါး ၁၅ ပြားကို ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။**တင်မောင်၊ အေးမြ(မန်းကိုယ်ပွား)**



ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၇) ရပ်ကွက် The Great Success ကိုယ်ပိုင်အထက်တန်းကျောင်းရှေ့နှင့် Y.L.D.S ကိုယ်ပိုင်မူလတန်းကျောင်းရှေ့တို့တွင် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးခိုင်ဦးနှင့်တာဝန်ရှိသူများက မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **နေသစ်ဦး**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ပိဋကတ်တော်လာ ဓမ္မအမေးအဖြေများ




စာရေးသူမဟာဓမ္မာစရိယ ဦးသိန်းထွန်း စီစဉ်ရေးသားသည့် ပိဋကတ်တော်လာ ဓမ္မအမေးအဖြေများစာအုပ် ထွက်ရှိလာသည်။

ဘဝတွင် ကိုယ်သွားချင်သည့်ခရီးတစ်ခုကို ကြိုးစားသွားနေပေမယ့် တစ်ခါတလေ တော်တော်ခရီးမပေါက်တာ၊ ခရီးမရောက်နိုင်တာကိုကြုံရတတ်သည်။ တချို့ကျတော့ မျှော်မှန်းထားသည့်အချိန်အတိုင်း ရောက်ရှိသွားပြီး တချို့ကျတော့ မျှော်မှန်းထားသည့်အချိန်အတိုင်း မရောက်သည်လည်း ရှိတတ်သည်။ တချို့ဆို လုံးဝမရောက်နိုင်သည့် အခြေအနေအထိ ရှိကြသည်။ ဘယ်လိုပဲဖြစ်ဖြစ် တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့ဆိုသည့်စိတ်ဖြင့် ကိုယ်သွားချင်သည့်စိတ်ဖြင့် သွားရမည်ပင်ဖြစ်သည်။ ဓမ္မအမေးအဖြေများကို ဖတ်ရှုလိုသူများ လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို - မီးအိမ်ရှင်စာအုပ်တိုက်၊ အမှတ်-၄၅၇၊ ဘီ-၁၊ တကောင်း(၈)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၂၅၁၀၇၄၆၁၅ နှင့် ၀၉ ၇၉၇၉၉၂၃၂၇ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## တရုတ်ငွေကြေးနှင့် ယနေ့ကမ္ဘာ




အလင်းဆက် (IR) ဘာသာပြန်ဆိုထားသည့် တရုတ်ငွေကြေးနှင့် ယနေ့ကမ္ဘာစာအုပ် ထွက်ရှိလာသည်။

ငွေကြေးတန်ဖိုးတည်ငြိမ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှု တိုးမြင့်ရေးသည် တရုတ်ငွေကြေးပေါ်လစီ၏ ရည်မှန်းချက်ဖြစ်သည်။ မှန်ကန်ကောင်းမွန်သော ငွေကြေးမူဝါဒကို အကောက်အထည်ဖော်ခြင်းဖြင့် စဉ်ဆက်မပြတ်သော စီးပွားရေးဖွံ့ဖြိုးမှုနှင့် တရုတ်ပြည်၏ စီးပွားရေးတည်ငြိမ်မှုတို့ကို ဆောင်ကြဉ်းနိုင်မည်ဖြစ်သည်။ ဗဟိုစီမံကိန်းစနစ်မှ သွယ်ဝိုက်သော စည်းမျဉ်းစည်းကမ်းစနစ်သို့ ပြောင်းလဲလုပ်ဆောင်ခြင်းအားဖြင့် တရုတ်ပြည်သည် ဈေးကွက်ကို ရှေးရှုသော ယင်း၏ငွေကြေးပေါ်လစီကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်လိုက်ခြင်းဖြစ်သည်။

**စာအုပ်ကို - ဂျာနယ်လစ်စာပေ၊ အမှတ်-၉၀၂၊ ပင်လုံလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၂၆၁၇၇၈၆၀၇ မှ တန်ဖိုးငွေကျပ် ၅၅၀၀ ဖြင့် ဖြန့်ချိသည်။**

## ဟိန္ဒူ-ဗုဒ္ဓသက်ရောက်မှု




ဒေါက်တာဦးသန်းထွန်း(ရွှေဘို) စီစဉ်ရေးသားသည့် ဟိန္ဒူ-ဗုဒ္ဓသက်ရောက်မှု စာအုပ် ထွက်ရှိလာသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အလွန်ရှေးကျသောခေတ်မှစ၍ ယဉ်ကျေးမှုအဆက်အသွယ် ရှိခဲ့ကြသည်။ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့တွင်လည်း တူညီမှုများစွာရှိကြသည်။ အဆိုပါစာအုပ်တွင် စာရေးသူက ထိုဘာသာတရားနှစ်ခု၏ မြန်မာ့ယဉ်ကျေးမှုအပေါ်တွင် သက်ရောက်မှုများကို သမိုင်း၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ၊ ဘာသာစကားများ၊ ဥပဒေ စသည့်နယ်ပယ်များကို စူးစမ်းရှာဖွေကာ လေ့လာတင်ပြထားသဖြင့် ဘာသာရေးစိတ်ဝင်စားသူများ ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို - မိုးကျော်သူစာပေ၊ အမှတ်-၁၈၈၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၂၅၄၉၀၀၃၃၁ နှင့် ၀၉ ၃၁၂၈၆၅၁၈ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**

## ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၁၈ ခုနှစ်) ပါပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အခန်းကဏ္ဍနှင့် ရွေးကောက်ပွဲစနစ်များ




ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ကျင်းပခဲ့သော ရွေးကောက်ပွဲများနှင့် စပ်လျဉ်းသည့် ဥပဒေများနှင့် ရွေးကောက်တင်မြှောက်ပုံစနစ်များကို လေ့လာသိမှတ်နိုင်စေရန် စာရေးသူ ဦးစိုင်းကျော်သူရေးသားပြုစုသော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၁၈ ခုနှစ်) ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အခန်းကဏ္ဍနှင့် ရွေးကောက်ပွဲစနစ်များ စာအုပ်ထွက်ရှိလာသည်။

၎င်းစာအုပ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၁၈ခုနှစ်) ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အခန်းကဏ္ဍကို အဓိကထားကာ ဖော်ပြထားပါသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ(၃)မျိုးနှင့်အညီ ကျင်းပခဲ့သည့် ရွေးကောက်ပွဲများကို နှိုင်းယှဉ်လေ့လာကာ မြန်မာနိုင်ငံ၏ရွေးကောက်ပွဲများတွင် တစ်စိတ်တစ်ဒေသ အထောက်အကူပြုစေနိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးနေသော ရွေးကောက်ပွဲစနစ်များကို လေ့လာသိရှိစေရန်အတွက်လည်းကောင်း နိုင်ငံသားတိုင်း သိသင့်သိထိုက်သော ဗဟုသုတများစွာပါရှိသည့်အတွက် လေ့လာဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**စာအုပ်ကို - ဦးစိုင်းကျော်သူ၊ ရွေးကောက်ပွဲခုံရုံးဌာန၊ ဖုန်း- ၀၆၇ ၄၀၄၄၁၀၊ ၄၀၄၄၀၈ နှင့် ၀၉ ၅၁၉၀၅၄၅ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။**

# အနုပညာသတင်း



## Mission: Impossible ရုပ်ရှင်သစ်နှစ်ကား ထပ်မံရိုက်ကူးမည်ဖြစ်ကြောင်း တွမ်ခရူးဇ် အတည်ပြု

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသားကြီးတစ်ဦးဖြစ်သူ တွမ်ခရူးဇ်က သူ့ရဲ့ ကျော်ကြားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တွေဖြစ်တဲ့ “Mission: Impossible” ရုပ်ရှင်တွေရဲ့ နောက်ထပ်ရုပ်ရှင်သစ်နှစ်ကားကို ဆက်လက်ရိုက်ကူးသွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့တာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နာမည်ကျော်ဒါရိုက်တာတစ်ဦးဖြစ်သူ ခရစ်စတိုဖာကွာရီက တာဝန်ယူရိုက်ကူးသွားမှာဖြစ်ပြီး ယင်းရုပ်ရှင်သစ်နှစ်ကားကို ၂၀၂၁ ခုနှစ်နဲ့ ၂၀၂၂ ခုနှစ်တွေမှာ ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ အသက် ၅၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသား တွမ်ခရူးဇ်က ရုပ်ရှင်သစ်နှစ်ကားမှာလည်း ယခင်ရုပ်ရှင်တွေမှာ သူပါဝင်နေကျဇာတ်ကောင်ဖြစ်တဲ့ စုံထောက် အီသန်ဟန့်အဖြစ် ပါဝင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

တိုက်ခိုက်ရေးရုပ်ရှင်ဖြစ်တဲ့ “Mission: Impossible” ရုပ်ရှင်သစ်တွေ ဆက်လက်ရိုက်ကူးထုတ်လုပ်သွားမယ့်အကြောင်းကို တွမ်ခရူးဇ်က သူ့ရဲ့လူမှုကွန်ရက်ပေါ်မှာ ရေးသားဖော်ပြခဲ့တာပါ။ မင်းသားက ဒီရုပ်ရှင်သစ်နှစ်ကားကို ၂၀၂၁ နွေရာသီနဲ့ ၂၀၂၂ နွေရာသီတွေမှာ ပရိသတ်ရှေ့အရောက်ပို့ဆောင်သွားမှာဖြစ်ကြောင်း ဖော်ပြခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

## မင်္ဂလာသတင်းပြောကြားပြီးနောက် ပန်းရောင်ဝတ်စုံတွေနဲ့ တွေ့ခဲ့ရတဲ့ ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်န်

ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့ သူနဲ့ စေ့စပ်ထားတဲ့ မော်ဒယ်လ် ဟေးလေးဘော်ဝင်န်တို့ဟာ လာမယ့် ဖေဖော်ဝါရီလအတွင်း မင်္ဂလာအခမ်းအနား ပြုလုပ်သွားမှာဖြစ်ကြောင်း တရားဝင်အသိပေးခဲ့ပြီး ဖြစ်ပါတယ်။ လတ်တလောမှာတော့ သူတို့နှစ်ဦးဟာ ပန်းရောင်ဝတ်စုံတွေနဲ့ လော့စ်အန်ဂျလိစ်လမ်းတွေပေါ်ပေါ်ထွက်လာခဲ့တာဖြစ်ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၂၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ ၂၂ နှစ်အရွယ် ဟေးလေးဘော်ဝင်န်တို့ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၅ ရက်မှာ လော့စ်အန်ဂျလိစ်လမ်းတွေပေါ်မှာ အတူပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။ ဟေးလေးဘော်ဝင်န်ဟာ ပန်းရောင်ဝတ်စုံကို အပေါ်အောက်ဆင်တူ ဝတ်ဆင်ထားတာပါ။ ဂျက်စတင်ဘီဘာကတော့ သူဝတ်ဆင်နေကျ ခေါင်းစွပ်အင်္ကျီပွပွကို ဟေးလေးဘော်ဝင်န်နဲ့ဆင်တူ ပန်းရောင်ဝတ်ဆင်ထားပြီး အောက်မှာတော့ အနက်ရောင်ဘောင်းဘီရှည်ဝတ်ဆင်ထားတာ တွေ့ရပါတယ်။

သူတို့နှစ်ဦးရဲ့မင်္ဂလာပွဲကိုတော့ သူငယ်ချင်းတွေ၊ မိသားစုတွေနဲ့ သာမန်မင်္ဂလာပွဲမျိုးသာပြုလုပ်သွားဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။ လာမယ့် ဖေဖော်ဝါရီ ၂၈ ရက်မှာတော့ သူတို့နှစ်ဦးရဲ့ မင်္ဂလာအခမ်းအနားပြုလုပ်သွားမှာဖြစ်ပြီး ဖိတ်စာတွေလည်း ဝေခဲ့ကြပြီးဖြစ်တယ်လို့ သိရပါတယ်။ ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်န်တို့ဟာ ပြီးခဲ့တဲ့ စက်တင်ဘာ ၁၃ ရက်မှာ တရားဝင်လက်ထပ်မှတ်ပုံတင်ခဲ့ကြတာဖြစ်ပြီး မင်္ဂလာပွဲကိုတော့ သာမန်မင်္ဂလာပွဲမျိုးသာ ပြုလုပ်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပြီးဖြစ်ပါတယ်။

ကြယ်ပွင့်စုံတွဲဟာ လတ်တလောမှာ နေအိမ်ရှာဖွေနေကြောင်းလည်း သိရပါတယ်။ လာမယ့် မင်္ဂလာအခမ်းအနားမှာတော့ သတို့သမီးအနေနဲ့ ဘယ်လိုမျိုးဝတ်စုံကို ဝတ်ဆင်မလဲ၊ ဘယ်လိုအပြင်အဆင်မျိုးတွေ ရှိနေမလဲ၊ ဘယ်သူတွေ တက်ရောက်ကြမလဲဆိုတာ စိတ်ဝင်စားစရာဖြစ်လို့နေပါတယ်။




အေးပြည့် - စုစည်းသည်


NAY GABAR MYANMAR
NGBM Construction Co., Ltd
ROYAL MAUNG BAMAR
ROYAL MAUNG BAMAR RESIDENCE နှစ်သစ်ကူးအထူးအရောင်းပြပွဲအား ၂၀၁၉ ဇန်နဝါရီလ (၁၉) (၂၀) ရက်နေ့များတွင်
အမှတ်(၁၅၁၅-က) ဓမ္မာရုံလမ်း လှိုင်မြို့နယ်ရှိ PROJECT တည်ရှိရာနေရာတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် လာရောက်လေ့လာဝယ်ယူနိုင်ပါသည်။
Show Room : Tower (A),Unit-1B,Royal Sin Min Condo,Corner Of Strand Rd & Ahlone St,Ahlone Twp,Yangon.
Ph : 09-5022717, 01-218023, 09-250076710. Email : ngbm.con@gmail.com Website: www.naygabarmyanmar.com


မြန်မာပြည်၏ အကောင်းဆုံးကွန်ဒို
iMyanmarHouse.com မှ ကြီးမှူးကျင်းပသည့်
SKYSUITES
နှစ်သစ်အရောင်းပွဲတော်
သော့ဖွင့်ပြီး အသင့်တက်နေရုံ
Fully Furnished
ပြင်ဆင်ထားသော အခန်းများကို
Starting from
$ 209 per Sq-ft
မှစ၍ ဝယ်ယူနိုင်ပါမည်။
Handover 2019 July
ရန်ကင်းကလေးဆေးရုံ
SKYSUITES
ရန်ရှင်းလမ်း
ဆီဒိုးနားဟိုတယ်
အရောင်းပြပွဲ ကျင်းပမည့်နေရာ
စက်မှု(၁)လမ်း
မြန်မာပလာဇာ
ရန်ကင်းစင်တာ
ကျင်းပမည့်နေရာ - အမှတ် (၂၃)၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ (SKYSUITES Project တည်ရှိရာ)
နေ့ရက် - ၁၉၊ ၂၀ ဇန်နဝါရီ၊ ၂၀၁၉ (စနေ၊ တနင်္ဂနွေ)။ အချိန် - နံနက် (၁၀) နာရီ မှ ည (၈) နာရီအထိ။
iMyanmarHouse.com ဆက်သွယ်ရန် - 09 455294841 ~ 5
အသေးစိတ်ကြည့်ရန် - www.imyanmarhouse.com/promo/skysuites

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်တင်အုန်း

### အသက် (၈၃)နှစ်

ဖြူးမြို့၊ ထန်းပင်ကုန်းလမ်းနေ (ဦးအုန်းရှိန်)၏ ချစ်လှစွာသောဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်-ဒေါ်နုနုလွင်တို့၏မိခင် ဒေါ်တင်အုန်းသည် ၁၅-၁-၂၀၁၉ ရက် (အင်္ဂါနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်တင်အုန်း

### အသက် (၈၃)နှစ်

ဖြူးမြို့၊ ထန်းပင်ကုန်းလမ်းနေ (ဦးအုန်းရှိန်)၏ ချစ်လှစွာသောဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်-ဒေါ်နုနုလွင်တို့၏မိခင် ဒေါ်တင်အုန်းသည် ၁၅-၁-၂၀၁၉ ရက် (အင်္ဂါနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်-ဒေါ်နုနုလွင်တို့၏ မိခင် ဒေါ်တင်အုန်း အသက်(၈၃)နှစ်သည် ၁၅-၁-၂၀၁၉ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အပတ်စဉ်(၆၆)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်အမာ

### အသက်(၉၀)

ဦးမောင်မောင်သိမ်း [ဝန်ကြီး-ငြိမ်း၊ မွေး/ရေ ဝန်ကြီးဌာနနှင့် ဥက္ကဋ္ဌ(ကမ္ဘာ့ရတနာဘဏ်)]-ဒေါ်မြင့်မြင့်အေးတို့၏ မိခင်ကြီး ဒေါ်အမာသည် ၁၀-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဇေယျာညွန့် (အမှုဆောင်အရာရှိချုပ်) SMID Bank နှင့် ဇနီး သီရိသုမေ့သိင်္ဂီ ဒေါ်အိသန္တာဘို၊ SMID Bank ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်အမာ

### အသက်(၉၀)

စိတ်ရင်းစေတနာဖြူစင်လှပါသော ကြည်ညိုလေးစားရသည့် ဦးမောင်မောင်သိမ်း (ဝန်ကြီး-ငြိမ်း၊ မွေး/ရေ ဝန်ကြီးဌာန၊ ဥက္ကဋ္ဌ၊ ကမ္ဘာ့ရတနာဘဏ်)၊ ဒေါ်မြင့်မြင့်အေးတို့၏မိခင် ဒေါ်အမာ အသက်(၉၀)သည် ၁၀-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ငါးလုပ်ငန်းမိတ်ဆွေများအဖွဲ့**
**(Fisheries Friends Group)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိုးမင်း-ဒေါက်တာခိုင်ရီမြတို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးမောင်မောင် အသက်(၈၅)နှစ်သည် ၁၄-၁-၂၀၁၉ ရက် ည ၇း၂၆ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းများ**
**ယု အိ မွန် ပြုံး ကြူ သူဇာသင်းချစ်**
**မြင့်သန်းမြင့်ကြည် မမြင့်ဦး မတင်ဌေး**
**ခင်အေးစမ်း နွယ်နီအေး နွယ်နီအောင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးသိမ်းမောင်

### အသက်(၈၁)နှစ်

**(ရွှေဘို)**

သူငယ်ချင်း ဦးဇော်မင်းဦး (B.E, Mining)၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဆရာကြီးဦးသိမ်းမောင် အသက်(၈၁)နှစ်သည် ၁၄-၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၄း၃၀ နာရီတွင် ရွှေဘိုမြို့နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **86/95 RIT သူငယ်ချင်းများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်တင်အုန်း

### အသက်(၈၃)နှစ်

ဖြူးမြို့၊ ထန်းကုန်းလမ်းနေ (ဦးဂွမ်စိန်-ဒေါ်ချို)တို့၏ သမီး၊ (ဒေါ်တိုးစိန်)၊ ဒေါ်တိုးရင်၊ (ဦးတိုးမောင်)တို့၏ ညီမ၊ ဒေါ်တင်တင်အေး၊ ဒေါ်ခင်ဝင်းတို့၏ အစ်မ၊ (ဦးအုန်းရှိန်)၏ ချစ်လှစွာသောဇနီး၊ ဦးထွန်းထွန်းဦး-ဒေါ်အေးအေးရှိန်၊ ဦးသက်နိုင်-ဒေါ်ဆွေဆွေရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်-ဒေါ်နုနုလွင်၊ ဗိုလ်မှူးအောင်ကျော်ငြိမ်(ငြိမ်း)-ဒေါ်သစ်သစ်ရှိန်၊ ဦးထွန်းအောင်ရှိန်-ဒေါ်လာဖီရှိန်၊ ဦးသန်းထွေးရှိန်-ဒေါ်မြမြလွင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) ငြိမ်းအေးဇရပ်၌ သရဏဂုံတင်တရားနာပြီး နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်ခန်းမ (၁-က)၌ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အိမ်ရာနေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၉ (စနေနေ့)တွင် R3,302, အဆင့်မြင့် ပန်းလှိုင်အိမ်ရာ၊ ဟုမ်းလမ်း၊ စမ်းချောင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်တင်ကြည်(ဘိုကလေး)

### အသက်(၈၉)နှစ်

ဘိုကလေးမြို့နေ (ဦးဘသက်)၊ (ဦးဘခက်)၊ (ဒေါ်သိန်း)တို့၏ မြေး၊ အမှတ်(၁၀၄)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေးနေ (ဒေါ်အုန်းကြည်)၏ ညီမ၊ ဒေါ်စန်း၊ ဦးဝင်းမောင်(ပလက-လျှပ်စစ်-ငြိမ်း)တို့၏အစ်မ ဒေါ်တင်ကြည်သည် ၁၆-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကန်တော်ကလေးနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးမောင်မြင့်(ခ)ဦးမြင့်

### အသက်(၇၆)နှစ်

**MEIC-BC (ငြိမ်း)၊ ကုန်သွယ်ရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဘုမ္မာ (၆)လမ်း၊ အမှတ်(၉၈၁)နေ (ဦးဘခန့်-ဒေါ်စိမ်းရင်)တို့၏ သား၊ (ဦးစိန်ဘန်း-ဒေါ်သန်းတင်)၊ (ဦးထွန်းရှုန်)-ဒေါ်ဟန်ငြိမ်း၊ (ဦးသောင်းစိန်-ဒေါ်အမာကြည်)တို့၏ ညီ/မောင်၊ (ဦးကျော်မြင့်)၏ အစ်ကို၊ ဦးဇော်မင်းလွင်-ဒေါ်စန္ဒာနွယ်၊ ဦးစိုးပိုင်-ဒေါ်ဆွေဆွေလွင်၊ ကိုဖြိုးဇော်ဇော်၊ မအေးနှင်းလွင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏ အဘိုး၊ ဒေါ်မြကြွေ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်စန်းစန်းယဉ်

### အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ ဦးစံမြိုင်-ဒေါ်ရွှေပုတို့၏သမီးကြီး၊ (ဦးဘမျှင်-ဒေါ်သိန်းရှင်)တို့၏ သမီးချွေးမ၊ ဦးလှမောင်-ဒေါ်တူးတို့၏ ညီမ၊ မခင်မာချို-(ကိုသိန်းနိုင်လင်း)၊ ကိုကျော်ထက်-မခင်သန်းဝင်းတို့၏ အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ဇီဇဝါလမ်းမ၊အမှတ်(၈၄၇)နေ ဦးညွှန့်ဝေ၏ ချစ်လှစွာသောဇနီး၊ ကိုမျိုးဝေကျော်-မဥမ္မာမြင့်၊ မောင်တင့်ဝေထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ပြည့်သုခ၊ မောင်ဇွဲဝေထက်တို့၏ အဘွားသည် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) ည ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

### ဒေါ်မြ

### အသက်(၉၂)နှစ်

**မြိတ်/ပလမြို့**

**အသင်းဝင်အမှတ်-၂၁၄၀**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြို့သစ် (၂)ရပ်ကွက်၊ ဦးမြတ်လေးလမ်းနေ (ဦးဘသွယ်)၏ဇနီး၊ ပုလောမြို့နယ်အသင်း(ရန်ကုန်) မြိတ်အဝေးရောက်အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးဝင်းငယ်-ဒေါ်ခင်ယုတို့၏မိခင်သည် ၁၃-၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် မြိတ်မြို့ ကလွင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

### ဒေါ်မြင့်မော်အေး

### အသက်(၄၂)နှစ်

**လက်ထောက်ကထိက**

**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

ရန်ကုန်မြို့၊ အမှတ်(၅၄)၊ သမာဓိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးဒေါင်းလှ-ဒေါ်ခင်ကြည်တို့၏ သမီး၊ ဦးဌေးလှိုင်၏ ညီမ၊ မမိုးမိုးခိုင်၊ ကိုဇော်နိုင်လင်း၊ ကိုဝဏ္ဏထွန်းတို့၏အစ်မ ဒေါ်မြင့်မော်အေးသည် ၁၅-၁-၂၀၁၉ ရက် ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဒေါ်အေးအေးမူ(ရေကျော်)

### အသက်(၅၇)နှစ်

ရန်ကုန်မြို့နေ (ဦးစောလွင်-ဒေါ်ခင်မြင့်)တို့၏ သမီး၊ ဦးကိုကိုနိုင် (MPA-မြေ/ဆိပ်)၏ ဇနီး၊ မဇာခြည်မင်းနိုင် (Marrynetwork Myanmar)၊ မောင်ဇာနည်မင်းနိုင် (OK-doller) တို့၏မွေးသမိခင် ဒေါ်အေးအေးမူသည် ၁၆-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ထားဝယ်အသင်း**

### ဒေါ်နီနီ(ထားဝယ်)

### အသက်(၅၄)နှစ်

**အသင်းအမှတ်(၆၉၄၈)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ၊ ကွမ်းခြံ (၂)လမ်း၊ တိုက်(၆)၊ ငါးလွှာ(B) နေ ဒုအရာခံဗိုလ်မြင့်လွင်ဦး (တပ်မတော်-ရေ)၏ဇနီးသည် ၁၅-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (အသင်းမှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့၊ ထားဝယ်အသင်း

---

## အနိစ္စ

### ဒေါ်မြ

### အသက်(၉၂)နှစ်

**ပလ/မြိတ်**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြို့သစ်(၂)ရပ်ကွက်၊ ဦးမြတ်လေးလမ်း၊ အမှတ်(၈/ခ)နေ (ဦးဘငြိမ်း-ဒေါ်မိုးသူ)တို့၏သမီး၊ (ဦးဘသွယ်)၏ဇနီး၊ ဦးတင့်ဂွမ်-ဒေါ်ခင်အုန်း၊ ဥူးဇင်း ဦးရေဝတ၊ ဦးဝင်းငယ်-ဒေါ်ခင်ယု၊ ဦးငွေဝင်း-ဒေါ်ပြုံးရီ၊ ဦးကြည်လုံ-ဒေါ်စိုးစိုးမြင့်၊ ဦးဉာဏ်လင်း-ဒေါ်မူမူ၊ ဦးမျိုးငယ်-ဒေါ်မိစန်း၊ ဦးကျော်ဇံ၊ ဦးယုဝင်း-ဒေါ်သင်းသင်းအေးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၂၆ ယောက်တို့၏ အဘွား၊ မြစ် ၂၃ ယောက်တို့၏ ဘွားဘွားကြီးသည် ၁၃-၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း ဒါယကာကြီး**

### ဦးတင်ညွှန့်

### အသက် (၇၉) နှစ်

**(၁၉၉၃-၂၀၀၈)**

**အမျိုးသားညီလာခံကိုယ်စားလှယ်၊**
**တောင်သူလယ်သမားအစုအဖွဲ့၊**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ သိမ်ကြီးလမ်း(အောက်လမ်း)၊ အမှတ် (၁၇)၊ ပထမထပ် (ခေါင်းရင်း)ခန်းနေ ဒေါ်မြမြသိန်း၏ ချစ် လှစွာသောခင်ပွန်း၊ ဦးစိန်နိုင်-ဒေါ်သောင်းညွှန့်၊ ဦးတိုးကြည်-ဒေါ်သင်းသင်းလှ၊ ဦးအောင်နိုင်ဦး-ဒေါ်အေးအေးကြွယ်၊ ဦးထွန်းထွန်းနိုင်-ဒေါ်ဇာနည်ညွှန့်၊ ဒေါ်မေရီညွှန့်၊ ဦးနေမျိုးညွှန့်-ဒေါ်မီမီဝင်းတို့၏ချစ်လှစွာသော ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေး ၁၃ ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၄-၁-၂၀၁၉ (တနင်္လာနေ့) ည ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်ရွှေတန်

### အသက်(၇၇)နှစ်

မြိတ်မြို့နေ (ဦးရောင်အင်-ဒေါ်ကြုပ်) တို့၏ သမီး၊ (ဦးဘွန်နာ-ဒေါ်ထွန်း) တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် (၂၀၉)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ခုနစ်လွှာနေ (ဦးဘုန်းရှောင်)၏ ဇနီး၊ ဦးဝင်းထွန်း-ဒေါ်မြတ်မြတ်ချို၊ ဦးဇော်ဝင်း၊ ဒေါ်မြင့်မြင့်ချို၊ ဦးဆန်းသစ်လွင်-ဒေါ်ဝင်းဝင်းချို၊ ဦးမြတ်သူ၊ ဦးထွန်းသူတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးခြောက်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား ဒေါ်ရွှေတန်သည် ၁၆-၁-၂၀၁၉ ရက် နံနက် ၄း၂၀ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးလော်ရပ်ခီ(ခ)ဦးအေး

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ စိတ္တသုခလမ်း၊ (၆၂-ခ)၊ ပုသိမ်ညွှန့်စံပြရပ်ကွက်နေ ဒေါ်ခင်စိန်၏ခင်ပွန်း၊ ဦးမြင့်ထွန်း-ဒေါ်ခင်အေးမြင့်၊ ဦးမြင့်ဦး-ဒေါ်စိုးစိုးလွင် (စိန်ပန်းမြိုင်စတိုး)၊ ဦးခင်ဦး-ဒေါ်ဆွေဆွေမြင့်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (စိတ္တသုခလမ်းနေအိမ်မှ ကားများ နံနက် ၉ နာရီနှင့် ၂၃ လမ်း အထက်၊ လသာမြို့နယ် နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်သန်းမြင့်

### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ စံပယ်မာဃလမ်း၊ အမှတ် (၂၁၂/၂၁၃)၊ အခန်း(၅၀၂)နေ (ဦးထွန်းတင်-ဒေါ်ခင်စု)တို့၏ သမီး၊ [ဦးငွေစန်း (ကျောင်းသားရေးရာဌာန၊ ရန်ကုန်တက္ကသိုလ်-ငြိမ်း)]၏ ဇနီး၊ ဦးညွှန့်ဝေ-ဒေါ်ကြူကြူသင်း၊ (ဦးထင်အောင်ငွေ)-ဒေါ်ဥမ္မာ(ဆိပ်ကမ်းအာဏာပိုင်)၊ ဦးထွန်းအောင်ခိုင်-ဒေါ်သူဇာအောင်(ရန်ကုန်တက္ကသိုလ်)၊ ဦးဇော်ဝင်းမောင် (ခေတ္တ-မလေးရှား)၊ ဒေါ်ရီရီဝင်းတို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၆-၁-၂၀၁၉ ရက် နံနက် ၁၁း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၉ (သောကြာနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

### ဒေါ်ချိုတီ

### အသက်(၈၇)နှစ်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်နေ (ဦးယူစွတ်-ဒေါ်ဆာရာဘီ)တို့၏ သမီး၊ (ဦးဆွာလေ-ဒေါ်ဖွားသင်)တို့၏ သမီးချွေးမ၊ (ဦးဟာရှင်)၏ ဇနီး၊ ဒေါ်ခင်မိမိ(ဆောက်လုပ်ရေး)၊ ဒေါ်ခင်မမ(စက်မှု အထည်ဘဏ္ဍာရေး-ငြိမ်း)၊ (Aung Naing Thu Steel Trading)၊ ဒေါ်ခင်မြင့်မြင့်(ထ-၄၊ ပုဇွန်တောင်-ငြိမ်း)၊ (ဦးသန်းထွန်း)၊ ဦးစိန်လင်း-ဒေါ်မိမိသန်း (ကထိက၊ သင်္ချာဌာန-ငြိမ်း)၊ ဦးသိန်းဖေ-ဒေါ်စီစီသန်း (မဟာမြိုင်အထူးကုဆေးရုံ)၊ ဦးမြတ်သူ-ဒေါ်ချိုအေးမာ(F.I.S.C)တို့၏ မိခင်၊ မောင်ကိုကိုခိုင်-မမို့မို့မြင့်အောင်၊ မောင်ဝေယံဦး၊ မမေနှင်းသူ၊ မောင်စည်သူ၊ မရွှေရူပါဦးတို့၏အဘွား၊ အမှတ်(၂၃)၊ (၄၄)လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်ချိုတီသည် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅း၄၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် ဇဟိုရ်နမာဇ်အပြီး ရေဝေးကဗရ်စတန်သို့ ပို့ဆောင် ဒါဖွာနာပြီးစီးကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (မိခင်ကြီး ဒေါ်ချိုတီ၏ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အထူးကျေးဇူးတင်ရှိပါကြောင်း။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်တင်ရွှေ

### အသက်(၈၆)နှစ်

**(ကျုံကဒါတ်အသင်း)**

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒါတ်စံပြကျေးရွာနေ (ဦးဘိုလေး-ဒေါ်ဖွားကျင်)တို့၏ သမီး၊ ဦးစစ်နိုင်-ဒေါ်ခင်ဖုန်း(အမက-၁၇၊ မ/ဥ)၊ ဦးမြချို-ဒေါ်ဝင်းဝင်းမော်၊ ဦးသိန်းလွင်-ဒေါ်ခင်လေးရီ၊ ဦးရန်မျိုးအောင်-ဒေါ်နီလာမော်တို့၏ မွေးသမိခင်၊ မြေးငါးယောက်တို့၏ အဘွား၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၁၂)လမ်း၊ အမှတ်(၆၉၃)နေ (ဦးမျိုးသန့်)၏ ချစ်လှစွာသော ဇနီး ဒေါ်တင်ရွှေသည် ၁၆-၁-၂၀၁၉ ရက် နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၉ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးအောင်အေး

### အသက်(၆၃)နှစ်

**(C.D.C-14136)**

ပေါင်မြို့နယ်၊ ကော့ကရင်ကျေးရွာနေ (ဦးမောင်ငယ်-ဒေါ်မရှင်)တို့၏ သား၊ (ဦးစောအောင်-ဒေါ်ရီရီ)တို့၏ သားသမက်၊ ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ ဦးအေးမြင့်အောင် (Red. Promise Agency)-ဒေါက်တာဒေါ်အေးအေးသွယ် (ကထိက-ရုက္ခဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ အစ်ကို၊ မောင်မြတ်စည်သူ (Business Developmet Supervisor, MNA Air Line)၊ မောင်လက်ဇော်စည်သူတို့၏ မွေးသဖခင်၊ အမှတ်(၇၃၃/B)၊ နဝရတ်(၂)လမ်း၊ (၄၄)ရပ်ကွက်၊ မ/ဒဂုံမြို့နယ်နေ ဦးအောင်အေးသည် ၁၆-၁-၂၀၁၉ ရက် နံနက် ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၉ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ပါ မည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁-၂၀၁၉ ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးခွန်သန်းညွှန့် (ရွှေဇင်ယော်ဟိန်း Jetty)

### အသက်(၆၃)နှစ်

**(မော်လမြိုင်ကောလိပ်ကျောင်းသားဟောင်း)**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မြို့နေ (ဦးအောင်ညွှန့်-ဒေါ်မြတင်၊ ဒေါ်စိမ်းနု)တို့၏ သားကြီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မင်းဇီကျေးရွာနေ (ဆရာဦးခွန်ရွှေမောင်လေး)-ဒေါ်သန်းသန်းလေး (စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဝန်ကြီးများရုံး-ငြိမ်း)၏ သားသမက်၊ နမ့်ဆိုင်ကျေးရွာနေ ဦးစိုင်းဆန်မိုင်-ဒေါ်နန်းစံ၊ မောက်မယ်မြို့နယ်နေ နန်းစိန်ညွှန့်၊ စိုင်းကျော်ခိုင်တို့၏ အစ်ကိုကြီး၊ စိုင်းလှမင်းဟန်-နန်းမွေဖောင်တို့၏ ဘကြီး၊ နန်းမွေလှိုင်၏ ဘိုးဘိုးကြီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ စံပယ်ဖြူလမ်း၊ အမှတ်(၁၃၃)နေ ဒေါ်ဆွေဆွေဦး (အထပြ-ငြိမ်း၊ အထက-၁၊ မရမ်းကုန်း)၏ခင်ပွန်း၊ ခွန်ဇေယျာရဲရင့် (VI-BE Civil၊ မော်ဘီနည်းပညာတက္ကသိုလ်)၏ဖခင် ဦးခွန်သန်းညွှန့်သည် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) ၇း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု






တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးစဉ်။

# ၂၀၁၉ ခုနှစ်၊ တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

၂၀၁၉ ခုနှစ်၊ တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် တပ်မတော်(ကြည်း၊ရေ၊လေ)ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်းဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများ နေရာယူကြသည်။ ထို့နောက် ၂၀၁၉ ခုနှစ်၊ တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာချိန်တွင် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်တို့က ဖွင့်ပွဲစာတန်းပါ မိုးပျံပူဖောင်းများအား ဖဲကြိုးဖြတ်၍ လွှတ်တင်ကြသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✪**




ကချင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၁)နှစ်အောက် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(၁)၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကြရာ နှစ်ဂိုးစီသရေဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(၃)၌

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒**

# MFF နည်းစနစ်ဒါရိုက်တာ၏ လေးနှစ်စီမံကိန်း မိတ်ဆက်တင်ပြ

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ခန့်အပ်ထားသည့် ဘယ်လ်ဂျီယံနိုင်ငံသား နည်းစနစ်ဒါရိုက်တာ အဲရစ်အာဗရန်သည် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် လေးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၆ ရက်က MFF ရုံး၌ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ တွဲဖက်အတွင်းရေးမှူး ဦးတင်မြင့်အောင်နှင့် လက်ရွေးစင်အသင်းလိုက် နည်းပြချုပ်များ တက်ရောက်ခဲ့သည်။

အဲရစ်အာဗရန် တင်ပြခဲ့သည့် လေးနှစ်စီမံကိန်းတွင် အချက်လေးချက်ပါဝင်ပြီး မြန်မာ့လက်ရွေးစင်၊ သက်တမ်းအလိုက်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ★**



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ နည်းစနစ်ဒါရိုက်တာ အဲရစ်အာဗရန်တို့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

PUN HLAING + SILOAM HOSPITALS

မှန်ပြောင်းဖြင့် မီးယပ်ရောဂါဆိုင်ရာ ခွဲစိတ်ကုသမှု အစီအစဉ်

Only JCIA Hospital In Myanmar

သင့်ရဲ့ မီးယပ်ဆိုင်ရာ ရောဂါများကို အတွေ့အကြုံများစွာရှိသော မလေးရှားနိုင်ငံမှ ဆရာဝန်ကြီး နှင့်
ယုံကြည်စိတ်ချစွာ ခွဲစိတ်ကုသမှုခံယူနိုင်ပါပြီ။

ဇန်နဝါရီလ (၂၆) ရက်မှ (၂၇) ရက်နေ့အထိ



လူဦးရေကန့်သတ်ထားပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းပါ။

facebook Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈ ၄၃၂၃၊ ၃၆၈ ၄၃၂၅၊ ၃၆၈ ၄၃၃၆၊ ၃၆၈ ၃၀၁၅၊ ၃၆၈ ၃၀၆၀၊ (၀၉) ၄၂၁ ၀၄၂ ၆၇၉